
စိတ်ကူးချိုချိုအနုပညာ


စစ်ကိုင်းဦးဘိုးသင်း

# ပုဂံခေတ်
# အရည်းမာယာ



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com


mgyoe.com
စစ်ကိုင်းဦးဘိုးသင်း
ပုဂံခေတ်
အရည်းမာယာ
anb0035
1800.00 Ks

mgyoe.com

ပုဂံခေတ်အရည်းမာယာ၊ စစ်ကိုင်းဦးဘိုးသင်း
အပြင်အဆင်-အမ်အောက်စ်အို၊ စာမျက်နှာ ၂၁၇ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ (မူလပုံနှိပ်မှတ်တမ်းမတွေ့ရသေး)၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပုဂံခေတ်
## သည်လည်ပိုက်ငယ်မင်းလက်ထက်တော်
# အရည်းမာယာ

စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း (၁)

ကျွန်ုပ်တို့သည် ရာဇဝင်စကားအားဖြင့် လည်းကောင်း၊ ပါးစပ်ရာဇဝင် စကားအားဖြင့် လည်းကောင်း၊ အရည်းကြီးများကို ရှုတ်ချဖွယ်ရာသာ ဖြစ်၍ အကောင်းပြောဆို အမွှမ်းတင်သူများတို့ကား မရှိသည်လောက်ပင် ဖြစ်ချေသည်။

မည်သူသည် မည်သို့သောသူသည် အရည်းကြီးများကို အကောင်းပြောဆို အမွှမ်းတင်ဝံ့မည်နည်း။ အရည်းကြီးများ၏ အကြောင်းကို ပြောဆိုရေးသားကြရာ၌ ပုဂံပြည် အရည်းများကိုသာ ယိုးမယ်ဖွဲ့၍ ရေးသားပြောဆိုခဲ့ကြသည်။ ဧရာဝတီမြစ်မကြီး၏ အနောက်ဘက်၊ သုနာပရန္တတိုင်းမှာကော ထိုခေတ်က ရဟန်းကောင်း ရဟန်းမွန်များ ထွန်းကားနေသလား။ လူများ၏ ကိုးကွယ်ရာသည် အရည်းကြီးများပင်လောဟု အဘယ်ကြောင့် မစဉ်းစားဘဲ နေသင့်ပါသနည်း။

စဉ်းစားခြင်းဖြင့် အပိုအလုပ်ကို လုပ်သည်ဟု ဆိုလိုခဲ့သော် ရာဇဝင်ပညာကို လိုက်စားခြင်းအတွက်ကိုကော ထိုသို့ မဆိုသင့်ရာသလော။

ရာဇဝင်ပညာကို ကျမ်းကြီးတစ်စောင်ကဲ့သို့ အမှတ်အသား ပြုကာ ပေါ်ထွက်လာနိုင်သည်မှာ စိတ်ကူးနှင့်ကြံဖန်၍ ဖြစ်စေသလော၊

mgyoe.com

mgyoe.com


သို့တည်းမဟုတ် တစ်ဆင့်စကား တစ်ဆင့်နားအားဖြင့် ကြားဖူးနားဝ အရ ပေါ်ထွက်စေနိုင်သလော။

တစ်စုံတစ်ခုသော အမှတ်အသားအရ ရာဇဝင်ပညာကိုပေါ် ထွက်လာစေသည်ဟု အယူရှိခဲ့သော်၊ ထိုမှတ်သားသောသူတို့သည် မည်သူတို့ပေနည်း။ ပုဂံပြည် အနော်ရထာမင်းစောလက်ထက် ဗုဒ္ဓ ဘာသာသစ်မရောက်လာမီ စာပေပညာတတ်အဖြစ်နှင့် အိမ်ထောင်သား များ၏ အပေါ်၌ ဝင့်ကျယ်နေသူများမှာ အရည်းကြီးများသာ ပုဂံနေပြည် တော်၌ ဖြစ်နေသည်ကို ငြင်းကွက်ထုတ်ဖို့ တော်တော်ပင် ခဲယဉ်းပေလိမ့် မည်။

ထို့ကြောင့် ပုဂံပြည် အနော်ရထာမင်းလက်ထက်တော် မတိုင်မီ စာပေကျမ်းဂန် စသည်တို့သည် အရည်းများ၏ လက်တွင်း၌ များစွာ ရှိရမည်ကို ယုံမှားဖွယ်မရှိပေ။

ပါးစပ်ရာဇဝင်စကားအရ အနော်ရထာမင်းကြီးသည် အရည်း များကို လူတစ်စုက သုတ်သင်ပစ်သည်ဟူ၍လည်းကောင်း၊ အရည်းများ ၏ စာပေကျမ်းဂန် အတတ်ပညာများတို့ကိုလည်း ပယ်ဖျက်ပစ်သည် ဟူ၍ လည်းကောင်း အစဉ်စကားအားဖြင့် သိမှတ်ရခြင်း များစွာသော ပညာရှိများက ပြောဆိုခြင်းတို့ အစဉ်ရှိခဲ့သော်လည်း မှန်နန်းရာဇဝင်၊ ဦးကုလား ရာဇဝင်တို့၌ကား အတိအလင်းမပါချေ။

ကျွန်ုပ်သည်ကား အရည်းများ၏ စာပေကျမ်းဂန်များကို အကြွင်းမဲ့ ဖြစ်အောင် အနော်ရထာမင်းကြီးသည် သုတ်သင်ရှင်းလင်းခဲ့သည်ဟု အစဉ်အဆက် စကားအရ မှတ်ခဲ့ရသည်။ ယုတ္တိလည်း ရှိတန်ပေသည်။

ထိုသို့သောသဘောအရ အနော်ရထာမင်းကြီး၏ အဖြစ်အပျက် တိုင် ရာဇဝင်ပညာသည် အရည်းတို့၏ စာပေအမှတ်အသားများမှ ကြွင်းကျန်ခဲ့သောသဘောများသာ ဖြစ်တန်ရာပေသည်။ ထို့ကြောင့်

mgyoe.com

mgyoe.com


အချို့အကြောင်းများသည် ဒဏ္ဍာရီဆန်တန်တန်ပင် ဖြစ်နေပေသည်။

အနော်ရထာမင်း၏ နောက်ပိုင်းရာဇဝင် အကြောင်းများမှာလည်း အရင် အရည်းများလက်ထက်ကလောက် မဟုတ်စေကာမူ အရိပ်အငွေ့ မကင်းသော သမိုင်းစကားရာဇဝင်စကားတို့သည် ရှိသည် မရှိသည်ကို တည်းဖြတ်သင့်ပေသေးသည်။

စင်စစ် စာပေနှင့်တင်သော အကြောင်းတို့သည် သာသနာရေးမှ အပပင်ထားတော့၊ ခေတ်၏ သဘောအရဟုဆိုသော် မှားမည်လား။ ခေတ်သည်ကား အများအားဖြင့် စာပေသင်ကြားခြင်းအပေါ်မှာ တည်နေပေသည်။

အနော်ရထာမင်း၏ နောက်ပိုင်း စာပေကျမ်းဂန်နှင့်စသည်များမှာ မာဂဓဘာသာစကားရပ်များ များစွာနှင့် ရောနှောကာ ရှိနေလေတော့ပြီ။ မစ္ဆိမမှ အရိပ်အငွေ့သည်လည်း မကင်းပေ။

ပုဂံရာမပြည်ကြီးကို တည်ထောင်မိသောအခါ သမုဒ္ဒရာဇ် မင်းကြီးသည် ဉာဏ်ကြီး၍ အမြော်အမြင်ရှိသောမင်း ဖြစ်သည့်အတိုင်း တက္ကသိုလ်ကျောင်းတော်ကြီးကို တည်ထောင်ရန် ကြံရွယ်သော်လည်း အရည်းများ၏ သြဇာကို မလွန်နိုင်သောကြောင့် အထမမြောက်ခဲ့ပေ။

အရည်းများမှာ ရွှေငွေဖြစ်ခြင်း၊ ပဥ္စလက်အတတ်၊ မှော်အတတ်တို့၌ များစွာတတ်ကျွမ်းခြင်းတို့ ရှိကြသဖြင့် လူထုကို ကောင်းစွာ လှည့်စားနိုင်သည့်အတိုင်း အရည်းတို့သည် များစွာ သြဇာကြီးမားနေလေသည်။

ထို့နောက် ဆက်ခံသော ဘုရင်မင်းမြတ်တို့သည်လည်းများသော အားဖြင့် အတတ်ပညာ၊ ဉာဏ်တို့၌ မခေပေ။ အတတ်ပညာဉာဏ်ရှိ၍ ဉာဏ်ကြီးသောမှူးမတ်များ၊ ပုရောဟိတ်များလည်းရှိကြသဖြင့် အရည်းတို့သည် အထက် အဆိုပါအတတ်ပညာတို့အားဖြင့် လူထု၏ အပေါ်၌ သြဇာကြီးစေကာမူ ဘုရင်မင်းမြတ်များသည် အတတ်ပညာ

mgyoe.com

mgyoe.com


ကြွယ်ဝခိုင်ခံ့သူများသာ များသဖြင့် တိုင်းပြည်နိုင်ငံကို မလွှမ်းမိုးနိုင်ပေ။

ထိုကဲ့သို့ ဘုရင်မင်းမြတ်နှင့် မှူးမတ်များ၊ ပုရောဟိတ်စသည်တို့မှာ အတတ်ပညာ ကြွယ်ဝကုံလုံသော်လည်း ထိုအတတ်ပညာများကို တည်တံ့အောင် ကျောင်းဖွဲ့၍သင်ကြားပေးခြင်း မရှိသဖြင့် အတတ်ပညာတို့သည် တဖြည်းဖြည်း ခန်းလာလေသည်။ ထိုသို့ ခန်းသည်နှင့် အညီ အရည်းများ၏ဝါဒမှာ တက်လာလေသည်။

သမထီးအရပ် တမ္ဗဝတီပြည်ကြီး၌ သေည်လည်ကြောင်မင်း နတ်ရွာပြောင်းသွားသောအခါ ညီတော် သေည်လည်ပိုက်ငယ်မင်း နန်းတက်လေသည်။ ထိုအခါ သေည်လည်ပိုက်မင်းမှာ အသက်တော် နှစ်ဆယ်မျှသာ ရှိနေသေးရာတွင် အတတ်ပညာမှာလည်း မစုံလင် မကုံသေးဟန်ရှိချေသည်။ သေည်လည်ပိုက်မင်း၏ မရီးတော် စောသုမာမှာလည်း အရည်းများ၏ ဝါဒညစ်ဆိုးအကျင့်မျိုးကို မကြိုက်မနှစ်သက်သော်လည်း အတတ်ပညာကား အရည်းများနှင့် တုပြိုင်နိုင်ရန် မရှိပေ။

နန္ဒာဘိဝံသ အရည်းဆရာတော်နှင့် သုမင်္ဂလာဘိဝံသဆရာတော် နှစ်ပါးသည်ကား ခင်ကြီးမဟာမြိုင်ကို မြိုင်ကြီးဟူ၍ သမုတ်ပြီးသော် စံနေကြလေ၏။ ၎င်းတို့သည် သေည်လည်ပိုက်မင်းငယ်ကား အတတ်ပညာ နုနံ့သေးသည်ဟုထင်၍ များစွာ ပမာဏမထားကြချေ။ သို့ရာတွင် သေည်လည်ပိုက်မင်းငယ်ကို မိမိတို့၏ မဟာမြိုင် အတုမဲ့ ကျောင်းတော်ကြီးသို့ ပင့်ချီ၍ လိုက်လျောသမှုပြုယောင်နှင့် ဖြားယောင်းပြီးလျှင် ဘုရင်သေည်လည်ပိုက်ကို ညွှတ်ဟန်ပြုကြလေ၏။

သေည်လည်ပိုက်ကား ငယ်သေးသဖြင့် နှလုံးရည် မလုံလောက်ဟန်ရှိသည့်အတိုင်း၊ မရီးတော် စောသုမာက အရည်းများ၏ သဘောနှင့် မရောရန် အမြဲလောက်ပင် သတိပေးခြင်းကို ပြုရလေ၏။ သို့လင့်ကစား အရည်းများ၏ ခြေလက်များကို နန်းတော်သို့အဝင်ခံလေ၏။

mgyoe.com

mgyoe.com


နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသအရည်းဆရာတော်နှစ်ပါးသည် တစ်ခုသော ရွှေဂူ၌ ခြင်္သေ့ကြီးနှစ်စီး အောင်းဘိသကဲ့သို့ ရှိလေ ရကား တန်ခိုးနှင့်သြဇာအာဏာကို ပြိုင်ကြီး အတုလကျောင်းတော် ကြီးမှာနေကြပြီးသော် စိတ်တွင်းမှ ကောက်ကျစ်ညဏ်နှင့်ပြိုင်ကာ ရှိကြလေသည်။

ထိုသို့သော သဘောများကြောင့် နန္ဒာဘိဝံသ၏ တပည့်တပန်းများနှင့် နောက်လိုက် ဒကာ ဒကာမများ၊ သုမင်္ဂလာဘိဝံသ၏တပည့်တပန်း နောက်လိုက် ဒကာ ဒကာမများဟု ကျိတ်ကာ ပြိုင်၍နေသကဲ့သို့ ရှိကြလေ၏။

ထိုအခါ နန္ဒာဘိဝံသကား အကြံညဏ်ကြီးသော အရည်းအလိမ္မာ စကားတတ်ဖြစ်သည့်အတိုင်း ဤသို့အကြံညဏ်သည်ဝင်လာလေ၏။

ယခုအခါ၌ စောသုမာသည် လင်မဲ့နေ၏။ အရေအရောင်တို့ကား တိုး၍တောက်ပြောင် ထွန်းပသကဲ့သို့ ရှိနေ၏။ ထို့အပြင် စောသုမာသည် ဘုရင့်အပေါ်၌ အတော် သြဇာညောင်းနေသည်။ စောသုမာသည် မိမိ၏ ဘက်သို့ ပါလာသည်ရှိသော် တန်ခိုးအာဏာကြီး၍ အရည်းဂိုဏ်းကြီး၏ သာသနာပိုင် ဖြစ်ရပေသတတ်။

နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသတို့ကား တစ်ဦးနှင့်တစ်ဦး သဘောထားကြီးယောင်ကဲ့သို့ စည်းကမ်းရှိစတမ်းဟု သဘောညီကြပြီးလျှင် နန္ဒာဘိဝံသ၏ ဒကာ ဒကာမများက ကျောင်းလွှတ်ပူဇော်မှုကို သုမင်္ဂလာဘိဝံသက မခံ၊ ထိုနည်းလည်းကောင်း သုမင်္ဂလာဘိဝံသ၏ ဒကာ ဒကာမများက ကျောင်းလွှတ်ပူဇော်ပွဲကို နန္ဒာဘိဝံသက မခံမယူချေ။ ထို့ကြောင့်ပင် ၎င်းတို့၏ ဒကာ ဒကာမများသည် ကျိတ်၍ကွဲနေသလို ဖြစ်ချေတော့သည်။

နန္ဒာဘိဝံသသည် တစ်နေ့သော် စောသုမာထံသို့ ၎င်း၏

mgyoe.com

mgyoe.com


အရည်းငယ်တစ်ပါးအားလွှတ်၍ ဤသို့သောပေကို ပို့စေလေ၏။

စောသုမာ။ စောသုမာသည် အလျင်က အရည်းတို့၏ မာတုကာမကလေး သူတော်သူမြတ်ဖြစ်ခဲ့သဖြင့် ပစ္စက္ခတွင် ချက်ချင်းလက်ငင်း အကျိုးပေးခြင်းကြောင့် မဟေသီ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ရ သည်။ ၎င်းကို မမေ့သင့်၊ ယခုလည်း စောသုမာသည် ဘုရင်မတစ်ဆူကဲ့သို့ ဘုန်းတန်ခိုးကြီးမား၍ ထင်ရှားသင့်သည်ထက် ထင်ရှားစေရန် ဒကာမမြတ်၏ အတွင်းဒါနမှုကို မမေ့သင့်ကြောင်း။

စောသုမာသည် ထိုပေကိုဖတ်ကြည့်မိရာ ပြင်းထန်စွာ ဒေါသထွက်၍ သည်အရည်းညစ်ကို သွားရောက်ဖမ်းဆီးကာ သုတ်သင်ပစ်မည်ဟု ရုတ်ခြည်းအကြံပေါ်လာ၍ ထားဝယ်ဗိုလ်ကို ခေါ်တော့မည်ဟုကြံမိ၏။

ထို့နောက် စောသုမာသည် ဆင်ခြင်တုံတရားကိုဝင်၍ ငါ ဤသို့ ပြုသော် အရည်းများနှင့် စစ်ကစားတော့မည်ဟု ကြေညာရာရောက်တော့ပေအံ့။ ထိုအခါ တိုင်းပြည်ကြီးမှာ ပြည်တွင်းစစ်ကြီး ဖြစ်ရပြီးသော် ကသိကအောက်နှင့် အတွင်းနာ နာရပေလတ္တံ့ဟု အောက်မေ့ပြီးလျှင် တမန်သဖွယ် လာရောက်လာသော အရည်းငယ်အား နောက်တစ်နေ့ ဤအချိန်တွင် လာခဲ့ပါဦးဟု မှာထားပြီးသော် ပြန်လွှတ်လိုက်လေ၏။

အရည်းငယ်သည်လည်း ၎င်း၏ဆရာတော် နန္ဒာဘိဝံသထံ၌ စောသုမာ မှာထားလိုက်သောစကားကို ပြန်ကြားကာ လျှောက်ထားလိုက်လေ၏။

နန္ဒာဘိဝံသကား ငါ့အကြံ အောင်ရပေတော့မည်ဟု အလွန့်အလွန်ဝမ်းသာလျက် နောက်တစ်နေ့တွင် များစွာသော လက်ဆောင်ကောင်းများနှင့် စောသုမာထံ လှူ၊ ဝှက်ကာ မနေ့က အရည်းငယ်ကို လွှတ်ပြန်လေ၏။

စောသုမာသည်ကား နန္ဒာဘိဝံသထံက လက်ဆောင်များကို

mgyoe.com

သိမ်းပြီးသော် အောက်ပါအတိုင်း ပေတွင်ရေး၍ ပြန်ကြားလိုက်လေ၏။

နန္ဒာဘိဝံသအရည်း စောသုမာကား သိသည်၊ နားလည်သည်၊ စောသုမာအား အထူးတရားပြရန်မလို။ နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသတို့သည် တစ်ခုသောရွှေဂူ၌ ခြင်္သေ့ကြီးနှစ်စီးအောင်းသကဲ့သို့ ဖြစ်နေသောကြောင့် သုမာသည် ဘယ်အရည်း၏ဘက်သို့ မျက်နှာကြီးရပါမလဲ။

အရည်းငယ်ကား ထိုပေကိုယူ၍ ပြန်လေ၏။ စောသုမာကား နန္ဒာဘိဝံသထံမှ လက်ဆောင်များကို မစင်တွင်းသို့ ချပစ်စေလေ၏။

နန္ဒာဘိဝံသသည် စောသုမာထံမှ ပေကိုရလတ်သော် ငါ့ အကြံအောင်ရတော့မည်ဟု သူဌေးတစ်ယောက်၏ ဥယျာဉ်အတွင်း၌ ခင်ကြီးမြိုင်ဟု သမုတ်ပြီးလျှင် ခမ်းနားသော ကျောင်းကြီးတစ်ဆောင်ကို ဆောက်ပြီးသော် ထိုကျောင်း၌ ထွက်ရပ်လမ်းကို စီရင်အံ့သောငှာဟု အကြောင်းပြကာ ခင်ကြီးမြိုင်ကျောင်း၌ ရွှေ့ပြောင်းကာစံနေလေ၏။

နန္ဒာဘိဝံသသည် ခင်ကြီးမြိုင်ကျောင်းကြီး၌ ခုနစ်ရက်ခန့် စံပြီးနောက် တစ်ဖန် အရည်းငယ်တစ်ပါးကို စောသုမာထံသို့အောက်ပါအတိုင်း ပေနှင့်လွှတ်ပြန်လေ၏။

မာတုကာမကြီး ဘရဏီ စောသုမာ ... ကျွန်ုပ်သည် ခင်ကြီးမြိုင်ကျောင်းကြီး၌ တစ်ပါးတည်း စံနေမိပြီ။ စောသုမာ၏ မြင့်မြတ်သောဒါနမှုဖြင့် စောသုမာ၏ အခါမလင့် ရအပ်သောကောင်းမှုအကျိုးကုသိုလ်ထူးကို ယူပါလော့။

စောသုမာသည် ထိုပေကိုဖတ်ပြီးနောက် ဤသို့သောပေကို ပြန်လိုက်လေ၏။

အရည်းနန္ဒာဘိဝံသ ... စောသုမာကား ဝမ်းသာပါသည်။ ထို့ကြောင့် နောက်တစ်နေ့ည လူခြေတိတ်တွင်မျှော်ပါ။ သို့သော် သုမာသည် မိဖုရားခေါင်ကြီးဖြစ်ခဲ့၍ ယင်းအမှု၌ မထင်ရှားဝံ့။ နန္ဒာဘိဝံသ၏

mgyoe.com

mgyoe.com


ကျောင်း၌ မီးရောင်ကို မလင်းစေလို၊ ဒါပါပဲ။

ထိုသို့ ပေကိုပြန်ကြားပြီးနောက် စောသုမာသည် လည်ပတ်သော အပျိုတော်တစ်ယောက်ကိုခေါ်၍ တီးတိုး စနစ်တကျသွန်သင်ပြီးနောက် ဤသို့ ပြောဆိုနေလေ၏။

"ညည်း သဘောတူပြီး ကြည်ဖြူမသွားနှင့်..."

"မဖုရားကလည်း..."

"စိတ်ချရပါ့မလား"

"စိတ်ချပါ"

"ညည်း တကယ်ကြံဝံ့ပါ့မလား"

"မမှုလောက်ပါဘူး မဖုရား"

နောက်တစ်နေ့ညသော် လူခြေတိတ်လောက်တွင် နန္ဒာဘိဝံသသည် ဥယျာဉ်တံခါးပေါက်မှ စောင့်မျှော်ကာနေရာ လူရိပ်သဏ္ဌာန်တစ်ခုကိုမြင်ရသဖြင့် အတွေးနှင့် အတော်ဝမ်းသာနေ၏။ ထိုအရိပ်သည် တဖြည်းဖြည်း နီးကပ်လာပြီးသော် နန္ဒာဘိဝံသနှင့်တွေ့တော့၏။ သွားပါရှေ့ကဟု လေသံနှင့်ဆို၏။

နန္ဒာဘိဝံသကား သူ၏ကျောင်းပေါ်သို့ ရှေ့ဆောင်ကာ ခေါ်သွား၏။ အရိပ်ကား သူ၏ခေါင်းတွင် မြတဘက်ကို ခြုံကာပါသွား၏။ ကျောင်းပေါ်သို့ရောက်သော် မှိန်မှိန်ကလေးသာအရောင်ရှိသော ကျောင်းခန်းတွင်းသို့ ဝင်ရောက်သွားကြလေ၏။

ခေတ်အလျောက် အတော်ပင် ချီးကျူးစရာလော။

နံနက်လင်းသော် နန္ဒာဘိဝံသ၏ ဒကာမကြီးနှင့် သမီးကလေးသည် ဆွမ်းပို့ရောက်လာ၏။ ကျောင်းတော်ကြီးကား တိတ်ဆိတ်ကာနေ၏။ ခဏကြာမှ အရည်းငယ်တစ်ပါးသည် ရောက်လာ၍ ပို့သောဆွမ်းများကို သိမ်းလေ၏။ ဤသို့လည်း စကားဆိုနေကြ၏။

mgyoe.com

mgyoe.com


"ကိုယ်တော် ကျိန်းလှချည်လား"

"ဟုတ်တယ်၊ ခုထက်ထိ ထတော်မမူသေးဘူး"

"ညက ဘယ်သူတွေများ လာပြီးပူဇော်သလဲ"

"မပူဇော်ကြပါ"

"ဆွမ်းစားဖို့အချိန်ပင် အတန်နေမြင့်လာပြီ"

"ဟုတ်တယ်"

"ကိုယ်တော်ကလေး သွားပြီးနှိုးပါ"

"မနှိုးဝံ့ပါ"

"သုမေ ... ညည်းဆရာတော်ကို သွားပြီးနှိုးပါ"

သုမေသည် နန္ဒာဘိဝံသ၏ ကျိန်းစက်ရာခန်းမသို့ ရဲရင့်စွာ ဝင်သွားပြီးနောက် 'အမယ်လေး'ဟု အလန့်တကြား ဟစ်အော်ကာ ပြန်ပြေးလာ၏။ သုမေသည် ကြောက်၍ ဆတ်ဆတ်တုန်ကာ မောနေ၏။ သူ့အမေက မေးသည်ကိုပင် ရုတ်တရက် မဖြေနိုင်ဘဲရှိ၏။

အတန်ကြာမှ 'ကိုယ်တော်ကြီး တစ္ဆေဖြစ်နေတယ်'ဟု ဆို၏။

"ဟယ်"

"အမေ သွားကြည့်ပါလား၊ မျက်လုံးကပြူးပြူးကြီး လျှာကြီးကထွက်လို့..."

"အဟုတ်လားဟဲ့"

"အမေ သွားကြည့်ပါလား"

အရည်းငယ်များနှင့်ဒကာမကြီးသည် သွားကြည့်ကြရာ မျက်လုံးမျက်ဆန်ပြူး၍ ပါးစပ်ဟကာ လျှာထွက်ပြီးလျှင် သေနေသော နန္ဒာဘိဝံသကို တွေ့ကြရလေ၏။မည်သူမျှထိုအလောင်း၏အနီးသို့မချဉ်းကပ်ဝံ့ကြချေ။

ထိုသို့နှင့် အရည်းငယ်နှစ်ပါးသည် သုမင်္ဂလာဘိဝံသထံသို့ သွားရောက်လျှောက်ထားကြရလေ၏။ သုမင်္ဂလာဘိဝံသလည်း စိတ်တွင်

mgyoe.com

mgyoe.com


အတော်ပင်အားရ၍ မျက်နှာပန်းအားဖြင့် ဝမ်းနည်းကြေကွဲဟန်ပြုပြီးသော် အရည်းငယ်များနှင့် လိုက်ပါလာလေ၏။

သုမင်္ဂလာဘိဝံသကား ဤသို့နှင့် တည်တည်ပင် ပြောပြလေ၏။

နန္ဒာဘိဝံသသည် ထွက်ရပ်လမ်းအတွက် ဓာတ်ကစားရန် ဤဥယျာဉ်ထဲတွင်နေသည်။ သူ့အား ဓာတ်ခိုးသင့်သွားလေပြီ။ ဓာတ်ခိုးသည် အလွန်ဆိုးသည်၊ ဓာတ်ခိုးသင့်သော် ဤကဲ့သို့ ပျက်စီးရတတ်သည်။

ထိုသို့ပြောဆိုပြီးသော် နန္ဒာဘိဝံသအလောင်းကို ကြီးကျယ်ခမ်းနားစွာ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းကို ပြုလေ၏။

သုမင်္ဂလာဘိဝံသသည် ထိုကဲ့သို့ပြောဆို၍ နန္ဒာဘိဝံသအလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်သော်လည်း နန္ဒာဘိဝံသ၏ သေ႔ခြင်းအမှန်ကို မသိချေ။ ၎င်း၏ ထင်မြင်ချက်နှင့်ပင် သုမင်္ဂလာဘိဝံသသည် အားရနှစ်သိမ့်ကာ ရှိနေလေ၏။

ထိုသို့သောသဘောကြောင့် သုမင်္ဂလာဘိဝံသသည် အရည်းဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ်ကို ယူလေ၏။

သုမင်္ဂလာဘိဝံသသည် သေည်လည်ပိုက်မင်းကို အရောသွေး၍ အထိုက်အလိုက် ပေါင်းသင်းဆက်ဆံသော်လည်း အမှုမထားပေ။ ဤမင်းကား ငယ်ရွယ်သူမျှသာ ဖြစ်သည်။ အတတ်ပညာရှိစေကာမူ လောကရေးရာအတွက် အကြားအမြင်ကား နည်းတုံရာ၏။ သွေးဆောင်သဖြင့် ရနိုင်မည်ဟု ယူဆထား၏။

ထိုသို့သော အခင်း၌ စောသုမာတစ်ခုသာဟု သုမင်္ဂလာဘိဝံသသည် ထင်မြင်လာလေ၏။ စောသုမာသည် သူ၏ဘက်သားဖြစ်ခဲ့ချေသော် မိမိသည် ရဟန်းမင်းကြီးအဖြစ်နှင့် တမ္ဗဝတီပြည်ကို အစိုးရတော့မည်ဟု စိတ်တွင် ယူဆပိုင်းဖြတ်ထားလေ၏။

mgyoe.com

သုမင်္ဂလာဘိဝံသသည် ထိုသို့သောသဘောကြောင့် အနုနည်းနှင့်သာ ကြံအပ်သည်ဟု စောသုမာထံ စားဖွယ်သောက်ဖွယ်ကောင်းများ၊ အခြား အဖိုးတန် ဝတ္ထုပစ္စည်းကောင်းများတို့ကို ခဏခဏပို့၏။ ထိုသို့ ပို့တိုင်းသော လက်ဆောင်တို့ကို စောသုမာသည် လက်ခံ ကျွန်ပြု၍ မစင်တွင်းထဲသို့သာ ချပစ်စေလေ၏။

သေည်လည်ပိုက်မင်းကား ငယ်ရွယ်သူဖြစ်သည့်အတိုင်း အလွန် ခက်ထန်သဖြင့် အတတ်ပညာကို အားကိုးပြီးသော် အရည်းများသည် အေးချမ်းစွာနေကြ။ တရားမကျင့်ခြင်းသည် လည်းကောင်း၊ တရားမွန် မရှိကြခြင်းသည် လည်းကောင်း၊ သံသရာ၌ ချင်းတို့၏ တာဝန်သာ တည်း။ အကယ်၍ အေးချမ်းစွာ မနေကြချေသော် ချင်းတို့အား အစ ပျောက် မျိုးပြုတ်အောင် သုတ်သင်ရှင်းလင်းပစ်မည်ဟု ယူဆထားလေပြီ။ ထိုသဘောကြောင့် အပြင်ပသဘောအရ တမ္ပဝတီ ပြည်ကြီးသည် အလွန်အေးချမ်းသာယာသည်ဟု မြင်ဂုဏ်းကောင်းဖြစ် နေပေတော့သည်။

သုမင်္ဂလာဘိဝံသသည်ကား လျှို့ဝှက်ကာ ရဟန်းမင်းပြုလုပ်ရန် ကြောက်လက်သည်းဝှက် ကြံစည်ကာနေလေပြီ။ လောက သဘာဝ သဘောမှာလည်း ပွင့်ပွင့်လင်းလင်း ထင်ထင်ပေါ်ပေါ် တိုက်ခိုက်ခြင်းထက် လျှို့ဝှက်၍ အေးချမ်းစွာ တိုက်နေခြင်းသည် သာ၍ ကြောက်စရာကောင်းချေသည်။

စင်စစ်သော်ကား သေည်လည်ပိုက်မင်း လက်ထက်တော်၌လည်း တမ္ပဝတီသည် အေးချမ်းသာယာနေသည်ဟု မဆိုသာချေ။ ထိုခေတ်က ဘုရင်နှင့်တိုင်းသူပြည်သားတို့သည် အရည်းတို့၏စကားကို နားထောင်၍ အရည်းသာသနာ ဂိုဏ်းချုပ်ကြီး (သို့မဟုတ်) သာသနာပိုင်ကို ရဟန်းမင်း အဖြစ်နှင့် ထားခဲ့ပါသော်ကား နိုင်ငံတော်သည် အစစ် အေးချမ်းသာယာဖွယ်သည် ဖြစ်နိုင်ပါ့မလား။

mgyoe.com


သုမင်္ဂလာဘိဝံသသည်ကား မိမိ၏အကြံအစည်သည် ထောင့်စေ့ပြီဟု တစ်နေ့သော် စောသုမာထံ အောက်ပါပေကို အရည်းငယ်တစ်ပါးအား ပို့စေလေသည်။

စောသုမာ … ခေါင်ကြီးသည် မိမိ၏ အတွင်းဒါန၏ အကျိုးပေးကြောင့် ဖြစ်တောင့်ဖြစ်ခဲသော မိဖုရားခေါင်ကြီးဖြစ်ခဲ့ရပြီ။ ယခုလည်း ငါသည် စောသုမာ၏ အတုမဲ့ကောင်းစားမှုကို လိုလားသည်။ ထို့ကြောင့် စောသုမာသည် မိမိ၏ အတွင်းဒါနမှုကို မမေ့မလျော့စေလိုကြောင်း။

စောသုမာသည် အရည်းဂိုဏ်းချုပ် သုမင်္ဂလာဘိဝံသ၏ ပေကို ဖတ်ကြည့်ပြီးနောက် နောက်သုံးရက်တွင် အမောင် အရည်း လာခဲ့ပါဦးဟု မှာထားကာ ပြန်လွှတ်လိုက်လေ၏။

စောသုမာကား ယခုအချိန်သည် အရည်းများနှင့် ငါတို့သည် အနုစစ်ပွဲကြီးကို ဆင်နွှဲနေရပြီဟု သတိဖြစ်လျက် နေပြည်တော်၌ အလွန်လှပ၍ သွေးရည်တက်ပြီးသော အင်အားပြည့်ဝသည့်အဆင်း ကျွန်မတစ်ယောက်ကို မိမိ၏အဆောင်တော်သို့ လျှို့ဝှက်ကာခေါ်၍ နှစ်ကိုယ်ကြား လေးနား ဤသို့ တိုင်ပင်ပြောဆိုလေ၏။

"အမိငယ် … မမရဲ့အကျိုးကို ဆောင်မလား"

"ဆောင်ပါ့မယ်"

"လုံပါ့မလား"

"လုံပါ့မယ်"

"ကောင်းပြီ၊ တစ်နေ့သောညမှာ အမိငယ်သည် မမဟု သဏ္ဍာန်လုပ်၍ သုမင်္ဂလာဘိဝံသ၏ထံသို့ မေထုန်မှုနဲ့ ပူဇော်ပါသည်ဟု သွားရမည်"

"အလိုရှိသလို မိန့်တော်မူပါ"

စောသုမာကား အလွန် လည်ပတ်ကျင်လည်သော ခေါင်ကြီး

mgyoe.com

mgyoe.com

ဖြစ်သည်။ အဆင်းကျွန်မအား စုံစီခပ်သိမ်းကို သွန်သင်လမ်းပြပြီးသော် ရက်ချိန်းပြုကာ ပြုဖွယ်ကိစ္စတို့ကိုပြုရန် အဆင်းကျွန်မသောရည်အား ပြန်လွှတ်လိုက်လေ၏။

ထိုသို့နှင့် သုံးရက်မြောက်သောနေ့တွင် အရည်းငယ်တစ်ပါးသည် စောသုမာထံရောက်လာ၍ စောသုမာသည် အောက်ပါပေကို သုမင်္ဂလာဘိဝံသထံ ပေးလိုက်လေ၏။

သုမင်္ဂလာဘိဝံသ ... စောသုမာသည် သတိရှိပါသည်။ တရားတော်အရ ဒါနမှုကို ကောင်းစွာနားလည်ပါသည်။ စောသုမာသည် ယခုအခါ၌ သိမ်သရေကို စောင့်ထိန်းနေရသည့် ဘုရင့်မရီးတော်ပါ။ ထို့ကြောင့် လျှို့ဝှက်တန်သောအမှုကို လျှို့ဝှက်၍ ပြုရပါမည်။

သုမင်္ဂလာဘိဝံသသည် တစ်ကိုယ်တည်းပြု၍ လူခြေတိတ်သော် ရွှေကျောင်းကြီးအဝက စောင့်ပါ။ မှာထားပါရစေ၊ မီးရောင်ကို မလင်းစေလိုပါ၊ မှိန်မှိန်ကလေးသာ ရှိပါစေ၊ ၎င်းပြင် အားရအောင် အလှူတော်ဝတ်ကို ပြုပါရစေ၊ အားမရသော် စိတ်ကောက်ရလိမ့်မည် အဆိုးမဆိုပါနှင့်။

သုမင်္ဂလာဘိဝံသသည် ထိုပေကို ဖတ်ကြည့်ရသော် အလွန်ဝမ်းသာသွားလေ၏။ ဤသို့လည်း စိတ်ကစားမိလေ၏။ ငါ့အကြံတော့ အောင်ရပေမည်။ စောသုမာအားဖြင့် တမ္ဗဝတီပြည်ကြီး၌ ငါ ရဟန်းမင်း ဖြစ်ရပေတော့မည်။

ထိုသို့သောသဘောနှင့် ပြာသိုလ ဆောင်းဥတုနေ့တာကိုပင် အတော်ရှည်သည်ဟု သုမင်္ဂလာဘိဝံသသည် ထင်မှတ်မိလေ၏။ သုမင်္ဂလာဘိဝံသ အရည်းဂိုဏ်းချုပ်ကြီးသည် မက်ကြီးတစ်ခွဲနှင့် လူခြေမတိတ်တတိတ်ကပင် ရွှေကျောင်းတော်ကြီးအဝက စောင့်ဆိုင်းကာနေနှင့်၏။

ထိုအခါ ကျောင်းတော်ကြီးရှေ့ ပဉ္စောင်ပင်ကြီးပေါ်မှ ဖီးကွက်

mgyoe.com

mgyoe.com


ဖိုမတို့သည် မြူးထူးကာ အော်မြည်လျက် ရွှင်ကြ၍ သုမင်္ဂလာဘိဝံသသည် 'စုတ် ... ဟယ့် ... စုတ်'ဟုပင် ဗိုးကွက်များ၏အသံနှင့် ပြိုင်သကဲ့သို့ မြည်တမ်းမိ၏။

ဆီးနှင်းတို့သည်ကား ကြယ်ရောင်အတွင်း၌ ဝေလျက် ပိတ်မှိုင်းကာ ရှိနေဘိ၏။ သုမင်္ဂလာဘိဝံသသည် အရပ်ရှစ်မျက်နှာမှ ပိတ်ဝိုင်းကာ မှိုင်း၍ကျနေသော ဆီးနှင်းအတွင်းက စောသုမာကို မျှော်နေ၏။ ထိုအတွင်း ဝါးနှစ်ရိုက်ခန့် အဝေးလောက်တွင် လူသဏ္ဌာန်အသွင်ကို မြင်ရသဖြင့် သုမင်္ဂလာဘိဝံသသည် 'စောသုမာ ... စောသုမာ လာပြီ'ဟု အတော့်ကို ဝမ်းသာသွားလေပြီ။

*'မြိုင်ကြီးသရေ၊ တက်ဖြိုးဝေ၍၊ တင့်နေခေါင်ဆင့်၊ မြင့်ထက်မြင့်အံ့'*စသည်ဖြင့်လျှင် အံ့ကြွပြီးသော် ကာမဂုဏ်စိတ်ဓာတ်ကို သုမင်္ဂလာဘိဝံသသည် လှုံ့ဆော်ကာ ကြည့်၍ စိုက်နေ၏။ ထိုလူရိပ်သဏ္ဌာန်သည် တဖြည်းဖြည်းမဟုတ်ဘဲ ခပ်သုတ်သုတ်နှင့် နီးကပ်လာသော် လွှာဖိနပ်စီးကာ စောင်နက်ကြီးကို ခြုံ၍လာနေသောသူဖြစ်သဖြင့် သုမင်္ဂလာဘိဝံသကို ပက်ပင်းပါတွေ့လေ၏။ ထိုသူသည် သုမင်္ဂလာဘိဝံသမှန်းသိသဖြင့် 'ဟင်'ဟု ပါးစပ်မှမြည်ကာ တစ်ဟုန်တည်း ဘေးကိုဖယ်ပြီးလျှင် ပြေးလေတော့၏။

သုမင်္ဂလာဘိဝံသကား ထိုသူကို မည်သူဟုမသိဘဲ အလွန့်အလွန် အံ့အားသင့်ကာ ရှိနေလေဘိ၏။

သုမင်္ဂလာဘိဝံသသည် 'အင်း'ဟု အင်းချ၍ ကိုယ်ရှိန်သတ်ပြီးသော် စောသုမာကို စောင့်မြဲတိုင်း စောင့်စားမျှော်လင့်ကာနေလေ၏။ ထိုသို့နှင့် တအောင့်လောက်ကြာသောအခါ ကြယ်ရောင်အတွင်း၌ ဝေလျက်ရှိသော ဆီးနှင်းတို့၏အတွင်းတွင် လူသဏ္ဌာန်အရိပ်တစ်ခုသည် ပေါ်လာပြန်၏။ အရှေ့လောကဓာတ်မှလည်း ဝေနေသော ဆီးနှင်း တို့ကို

mgyoe.com

တိုးဝှေ့၍ လရောင်သည် ထိုးလာ၏။

ထိုသဏ္ဍာန်သည် တဖြည်းဖြည်း နီးကပ်လာ၍ သုမင်္ဂလာဘိဝံသ၏ အနီးသို့ချဉ်းကပ်မိသော် အလွန် သင်းကြည်သော စန္ဒကူးနံ့သည် ထုံလွှမ်းကာနေသဖြင့် သုမင်္ဂလာဘိဝံသသည် တဘက်နီကို ခေါင်းတွင်ခြုံပြီးသော် သင်ဒိုင်းကိုဝတ်ကာ ဟသ်ာခြေနင်းကိုစီးလာသူမိန်းမကို 'သု' ဟူ၍ မြည်မိတော့၏။

ထိုမိန်းမလည်း 'အို'ဟု လေသံနှင့်ဆို၏။ သုမင်္ဂလာဘိဝံသလည်း အားပါးရရ မွေးလိုက်မည်အပြုတွင် "ကတဲ သပိတ်ဝင်အိတ်ဝင်ပါကပဲ၊ လောလိုက်တာ"ဆိုကာ ထိုမိန်းမသည် လက်ပြတော့၏။ သုမင်္ဂလာဘိဝံသလည်း "မဟာသံဃရာဇာခေါင်ခေါင်ကိုပဲ လောမိတာပေါ့"ဆိုပြီးလျှင် မိမိ၏ရွှေကျောင်းကြီးပေါ်သို့ ခေါ်ဆောင်သွားလေ၏။

ရွှေကျောင်းကြီးပေါ်၌ကား စောသုမာ တောင်းဆိုထားသည့်အတိုင်း မီးတိုင်ကလေး မှိန်မှိန်သည်သာ ရှိနေ၏။ ကျောင်းတော်ခန်းမကြီးသည် အမွှေးနံ့တို့ဖြင့် ကာမဂုဏ်ကို အုံကြွလာအောင် ထုံသင်းကာရှိနေလေ၏။

သုမင်္ဂလာဘိဝံသသည် ကျောင်းကြီး ခန်းမဆောင်၌ ကျောက်စည်ကို သာစုခေါ်တီးမည်ပြု၏။ ထိုမိန်းမသည် ဟန့်တား၍ သုမင်္ဂလ၏လက်ကို ဆွဲထား၏။ သုမင်္ဂလ၏ ကိုယ်အလုံး၌ ရသာစာတ်သည် ထုံလွှမ်းကာ စိမ့်ဖြန်းသွားသကဲ့သို့ ရှိနေ၏။ ထိုမိန်းမလည်း တီးတိုး "ကိုယ့်မွန်မြတ်တဲ့ ဒါနကို သူတစ်ပါးအား မမျှမဝေနိုင်ပါ" ဆိုပြီးလျှင် သုမင်္ဂလာဘိဝံသ၏ လက်ကိုဆွဲကိုင်၍ ကျိန်းစက်ရာအခန်းတွင်းရှိ သလွန်ပေါ်သို့ငင်သွား၏။

ထိုမိန်းမလည်း "ရှော့ ... သောက် ဒါမှ အများကြီး သဒ္ဒါသလောက်လှူနိုင်မယ်"ဟု အသင့်ဆောင်လာသော မုဒရက်ရည်ကို

mgyoe.com

mgyoe.com

ရွှေခွက်နှင့် ငှဲ့ကာပေးလေ၏။

သုမင်္ဂလာဘိဝံသကား သဘောကျပြီ။ ထိုမှဒရက်ရည်ကို အားရပါးရသောက်တော့ပြီ။ တစ်စုံတစ်ခုသော မုန့်ကိုလည်း စားရာ အကြောပေါင်းတစ်ထောင် စိမ့်သည်ဟုပင် ထင်တော့ပြီ။ သုမင်္ဂလာဘိဝံသသည် သူသည် နတ်၏စည်းစိမ်ကို ရသည်ဟု ထင်ယောင်မှား ရှိလေတော့ပြီ။

နံနက်မိုးသောက်လတ်သည်ရှိသော် သူ့ရှင်များသည် ကြေးစည်ကိုတီး၍ ယာဂုရည်တိုက်ရန် အသင့်စောင့်နေလေတော့ပြီ။ အရည်းငယ် တစ်ကျိပ်တို့သည် သုမင်္ဂလာဘိဝံသ၏ ကျောင်းတော်ပေါ်သို့ရောက်လာကြတော့ပြီ။ သုမင်္ဂလာဘိဝံသကား ကျိန်းစက်ရာမှ ထမလာသေးပေ။

အတန်ကြာသော်လည်း သုမင်္ဂလာဘိဝံသသည် မပေါ်လာ၍ သုမင်္ဂလာနှင့် အကျွမ်းဝင် ရင်းနှီးလှသော သူ့ရှင်တစ်ယောက်သည် သုမင်္ဂလာဘိဝံသ ကျိန်းစက်ရာ ခန်းမဆောင်သို့ သွားရောက်လေရာ သုမင်္ဂလာဘိဝံသသည် သလွန်တော်ပေါ်၌ ဒူးထောင် ပေါင်ကားနှင့် ပက်လက်လန်ကာ အဆန့်သားဖြစ်နေသည်ကို တွေ့ရသဖြင့် 'အမယ်လေး'ဟု လန့်ကာ အော်ပြီးသော် ထိုသူ့ရှင်စာရီသည် ပြန်ပြေးလာလေ၏။

"ဘာလဲ ... ဘာလဲ .... ဘာလဲ ... ဘာလဲ"

"အို ... ပြောကိုမပြောဝံ့တော့ဘူး၊ သွားလို့သာကြည့်ကြတော့"

"ဘာဖြစ်နေသလဲ"

"သွားပြီး ကြည့်ကြပါ"

အရည်းများနှင့် သူ့ရှင်များသည် သုမင်္ဂလာဘိဝံသ၏ ကျိန်းစက်ရာအခန်းသို့ သွားရောက်ကြည့်ကြရာ သုမင်္ဂလာဘိဝံသ၏ ဆိုးညစ်စွာအဖြစ်နှင့် သေနေသည်ကို မြင်ရရာ တစ်နေရာ၌ ပုရွက်ဆိတ် များစုခဲကာ

mgyoe.com

mgyoe.com


နေခြင်းကိုလည်းကောင်း၊ ပိုးတဘက်ကလေးတစ်ခု၌ ပုရွက်ဆိတ်များ စုအုံကာ ခဲနေသည်ကို လည်းကောင်း မြင်တွေ့ကြရလေ၏။

ငင်းတို့တစ်စုသည် အမြင်မတော် အဆင်မတော် သေနေသော သုမင်္ဂလာဘိဝံသကို တွေ့ရသော်လည်း အဘယ်ကြောင့် ဤကဲ့သို့သေရသည်ကို မရိပ်စားမိကြ။ ပုရွက်ဆိတ်များသည် မည်သည်ကို ခဲနေသည်ဟုလည်း မသိကြ။ ထောင့်တစ်နေရာ ပန်းတင်ခုံတစ်ခုပေါ်၌ မုဒရက်ရည် ဖင်ကပ်နှင့်နေသောပုလင်းငယ်တစ်ခုကိုတွေ့ရလျက်လည်းအကြောင်းနက်ကို ငင်းတို့သည် မရှာဖွေနိုင်ကြပေ။

သုမင်္ဂလာဘိဝံသ အလောင်းသည်ကား အတော်ဆန်းလျက်ရှိနေလေသည်။ ငင်းမှာ အဝတ်မရှိ၊ တစ်ကိုယ်လုံးသည် ဝွမ်းသားကဲ့သို့ဖြူလျက် ပျော့အိကာနေလေ၏။ အရည်းများနှင့် သူ့ရှင်များမှာ အလွန့်အလွန် ဆန်းပြားနေ၍ မည်သည့်သဘောကိုမျှ ထင်လင်းစွာ မသိကြဘဲ သူ့ရှင်များသည် တရှုပ်ရှုပ်နှင့်သာ ငိုကြလေတော့၏။

ထိုသို့နှင့် သုမင်္ဂလာဘိဝံသအလောင်းကို အခြေမပျက်ထားခဲ့ပြီးမှ အရည်းတို့သည် ခါတိုင်းကဲ့သို့ ယာဂုသောက်ကြ၏။ ထိုအခါ၌ကား ကြည်သော အရည်းတို့လည်း ကြည်၏။ မကြည်သာသော အရည်းတို့လည်းရှိ၏။

ငင်းတို့တစ်စုသည် ယာဂုဘုဉ်းပေးကြပြီးနောက် အချို့သည် သုမင်္ဂလာဘိဝံသ အလောင်းကိုပြင်ကြ၍ အချို့သည် များစွာသော အရည်းတို့ထံ အကြောင်းကြားဖို့ စီမံနေကြ၏။ လည်ပတ်သော အရည်းနှစ်ပါးသည်ကား ဘုရင်မင်းမြတ် သေည်လည်ပိုက်ထံသွားကြရာ ညီလာခံတုန်းနှင့် ကြုံကြိုက်သဖြင့် ညီလာခံသို့ဝင်ကြလေ၏။

ညီလာခံသည် အရည်းနှစ်ပါးအား သင့်တော်သည့်နေရာကို ပေးထားပြီးနောက် သေည်လည်ပိုက်ဘုရင်သည် ဤသို့မိန့်တော်မူလေ၏။

mgyoe.com

mgyoe.com


"အရည်းနှစ်ပါး ဘယ်လိုအကြောင်းများ ရှိပါသလဲ"

"အရည်းဆရာတော် ဂိုဏ်းအုပ်သုမင်္ဂလာဘိဝံသသည် ဘဝနတ်ထံ ပျံတော်မူသဖြင့် လျှောက်ထားရန်လာရခြင်းပါ"

"အရည်း ပျံတော်မူတာ ပျံတော်မူတာပေါ့၊ ဘာကို လျှောက်ထားရန် အကြောင်းရှိရသလဲ"

"ပျံတော်မူရခြင်းမှာ ထူးဆန်းလှသဖြင့် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြည့်ရှုပြီးမှ ဘုရင်မင်းမြတ်က သော်လည်းကောင်း၊ ဘုရင်မင်းမြတ်က ကြပ်မတ်၍သော်လည်းကောင်း သင်္ဂြိုဟ်သင့်သည် ထင်ခြင်းကြောင့် လာရောက်တင်လျှောက်ခြင်းပါ"

"အို"

"ရွှေဘုန်းတော်ရှင် အထူးပြုကာ စဉ်းစားတော်မူပါ"

"နားခံတော်"

"ဘုရား"

"မရိုးတော်ဘုရားကို သွားရောက်၍ အမြန်ပင့်"

"ဦးတည့်လျက်ပါဘုရား"

* * *

"ကိုင်း ... အရည်းဆရာများ မရိုးတော်ဘုရားထံမှာ တင်စရာရှိတာကိုတင်..."

"ဘာတဲ့လဲ အရည်းများက..."

"ယခု ဂိုဏ်းအုပ်ကြီး သုမင်္ဂလာဘိဝံသသည် ပျံတော်မူသွားပါသဖြင့်..."

"နေ ... နေ ... နေ ခွေးသေရင်ဖြင့် လူကမြှုပ်ပစ်ရမှာပေါ့၊ အရည်းသေတာကို ဘာလုပ်ရဦးမှာလဲ။ အရည်းသေတာဟာ အရည်းများရဲ့ သဘောပေါ့၊ အရည်းများက သင်္ဂြိုဟ်လိုက်ပေါ့"

mgyoe.com

mgyoe.com


"ထူးဆန်းသဖြင့် လာရောက်လျှောက်တင်ရခြင်းပါ"

"ဘာထူးသလဲ၊ ဘယ်လိုပဲ သေသေ သေတာဟာ သေတာပေါ့"

"တင်ပါရစေ"

"တင်ပါ"

"မနေ့က အကောင်းအမွန်၊ အမာအချာ၊ ညက ပြန်တော်မူသည်ဟု ယူဆရပါသည်။ သေသောအခါမှာ တောင့်မနေဘဲ ပျော့နေပါသည်။ ပြီးတော့ တစ်ကိုယ်လုံး ဖွေးဖွေးဖြူလျက် ရှိပါသည်။ ထို့ကြောင့် တစ်စုံတစ်ခုသော ပယောဂနှင့် မကင်းဟန်တူ၍ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြည့်ရှုဆုံးဖြတ်တော်မူရန် လာရောက်တင်လျှောက်ရပါသည်"

"အရည်းများဟာ ရုပ်ရုံနှင့်မကပွေ့ကိုပွေ့လှပါတယ်။ တစ်ခါကလည်း မြွေကြီးကိုဖမ်းပြီး အမောက်တပ် နဂါးလုပ်ပြီးပြပြီ။ တစ်ခါကလည်း ဝက်သေမှာ ထုံးသုတ်ပြီး ဝက်ဖြူသားလုပ်ကာ ပြပြီ။ ခုလည်း ဘာကိုပွေ့ကြပြန်သလဲ"

"ထိပ်ခေါင်တင်ကြီး ... မပွေ့ပါ၊ သေချာစွာ သုံးသပ်တော်မူပါ"

"ကောင်းပြီ ... ဤအရေးဟာ ပုရောဟိတ်ကြီး ဘကြီးကျော်အရေးပါ၊ ဘကြီးကျော်ကို ပင့်ချီသွားကြပါ"

"နားခံတော်"

"ဘုရား"

"အရည်းနှစ်ပါးကို ဘကြီးကျော်ထံသွားရောက်ပို့၍ ဘကြီးကျော်သဘောအတိုင်း ပြုမူရန် ဤအရေးကို ငါက လွှဲအပ်လိုက်တယ်ဟု ပြောခဲ့"

"မှန်လှပါ"

mgyoe.com

mgyoe.com


နားခံတော်သည် အရည်းနှစ်ပါးကို ပုရောဟိတ်ကြီး ဦးကျော်ထံ ပင့်သွားလေ၏။

* * *

"ဘာကိစ္စ"

နားခံတော်လည်း ပုရောဟိတ်ကြီးထံ၌ အကြောင်းကို ပြန်ကြားလေ၏။ ပုရောဟိတ်ကြီးလည်း ဤသို့ဆို၏။

"ဘယ်သူက ဘုရင်မင်းမြတ်ထံ အတင်ခိုင်းသလဲ၊ အရည်းသေတာနှင့် ရှင်ဘုရင်ဟာ ဘာဆိုင်သလဲ"

"ဒကာကြီး ဆိုင်တာ မဆိုင်တာကို ကျွန်ုပ်တို့မသိ၊ အရည်းများက ဘုရင့်ထံ အတင်လွှတ်လို့ ကျွန်ုပ်တို့ လာရောက်တင်ရခြင်းပါ"

ပုရောဟိတ်ကြီး ဦးကျော်လည်း ဤသို့ စဉ်းစားလေ၏။

အရည်းများသည် ရှုပ်ထွေးပွေလီသော လူစုဖြစ်သည်။ ဘုရားဟောမဟုတ်သည်ကို ဘုရားဟောလုပ်၍ ပုံတိုပတ်စများကို လုပ်သည်။ သိုက်စာကျသည်ဟု မြေတွင်တူးဆွပြီးသော် မတော်မလျော်၊ မဟုတ်မဟတ်များကို ပြုလုပ်သည်။ ယခုလည်း သုမင်္ဂလာဘိဝံသ သေရာမှာ တစ်မျိုးတစ်မည် အမြတ်ထွက်ရန် ကြံစည်ကြဟန်တူသည်။

နန္ဒာဘိဝံသ သေရာ၌လည်း အဆန်းတကြယ်နှင့်ပင်။ လူသေမသေ နွားသေသေသည်။ ထိုတုန်းက သုမင်္ဂလာဘိဝံသသည် သူ့အရည်းဂိုဏ်းချုပ်ဖြစ်ရမည်ဟု အတော်ပင် ဝမ်းသာသည်။ နန္ဒာဘိဝံသ၏ ဒကာများကလည်း မခေ။ သုမင်္ဂလာဘိဝံသက နန္ဒာဘိဝံသကိုသတ်သည်ဟု ဗြဲတိုက်မှာ လာရောက်သတင်းပေးသည်။ ထိုအခါက စာတ်ခိုးမိသော သူများသည်ထိုကဲ့သို့သေတတ်သည်ဟုပြတ်အောင်ဆောင်ရွက်ခဲ့ရသည်။ စင်စစ်မိန်းမတစ်ယောက်ကသတ်ခြင်းဖြစ်သည်။ ယခုလည်းအဆန်းတကြယ်။

mgyoe.com

mgyoe.com


ထိုသို့နှင့် ပုရောဟိတ်ကြီး ဦးကျော်သည် ထိုအရည်းနှစ်ပါး ပင့်ရာသို့ နောက်ပါ အမှုထမ်းအနည်းငယ်နှင့် လိုက်ပါသွားလေ၏။

ပုရောဟိတ်ကြီးသည် ရွှေကျောင်းတော်သို့ရောက်လတ်သော် အရည်းများတစ်စုကို တွေ့ရ၏။ ထိုအတွင်း သုမင်္ဂလာဘိဝံသ၏ဒကာ သူဌေးကြီးသုံးယောက်သည် ပုရောဟိတ်ကြီးအား တစ်နေရာသို့ပင့်၍ ဤသို့လျှင် တီးတိုးပြောကြလေ၏။

"ပုရောဟိတ်ကြီး ကိုကြီးကျော်ကား တိုင်းပြည်၏ ဆရာတော်ကြီးပါ၊ ဒါကြောင့် ဘက်မလိုက်ဘူးဆိုတာကို ကျွန်တော်များ ယုံကြည်ပါတယ်"

"ကိုင်း ... တိုတိုနှင့်ရှင်းရှင်းပဲ ပြောကြစမ်းဗျာ"

"နန္ဒာဘိဝံသဟာ ဓာတ်စပ်မှားလို့ သေတာကို သူ့ဒကာများက သုမင်္ဂလာဘိဝံသက ဂိုဏ်းချုပ်လုပ်ချင်တာနှင့် ကြံပြီးသတ်ပစ်တယ်လို့ အယူရှိနေကြတယ်"

"ဆိုစမ်း"

"ခု အဲဒီ နန္ဒာဘိဝံသရဲ့ ဒကာများက လက်စားချေပြီး သတ်ပစ်တာပဲ"

"အို ... သူတို့က ဘယ်လိုသတ်မလဲ၊ ခက်ပါတောင်း..."

"ဆရာတော်လည်း အလောင်းတော်ကို ကြည့်ပါဦးလေ"

"ကြည့်ရမှာပါပဲ၊ ဘယ်လိုသတ်တယ်ထင်သလဲ"

"သူတို့မှာ ခေါင်းပေါင်းနီကို အမြဲပေါင်း၊ ခါးစည်းကြိုးအနီကို အမြဲစည်းထားတဲ့ နတ်ဆရာတစ်ယောက်ကို လျှို့ဝှက်ပြီး ခေါ်ထားတာရှိပါတယ်"

"သည်နတ်ဆရာက သတ်တယ်ထင်သလား၊ ဘယ်လို သတ်သလဲ"

mgyoe.com

mgyoe.com


"သည်နတ်ဆရာဟာ ကောင်းကင်ပေါ်မှာ ပျံ့ဝဲနေတဲ့ လင်းတ များ စွန်များကိုတောင် အောက်ကအရိပ်ကို ဖနောင့်နှင့်ပေါက်ရင် ကျရ ပါတယ်တဲ့။ ကြက်၊ ဝက်၊ နွား၊ ကျွဲ၊ တိရစ္ဆာန် စသည်တို့ကို လက်ညှိုး ထိုးကာ နင်သေပဟဲ့ဆိုရင် သေရပါသတဲ့"

"သူဌေးကြီးများ ဒါကို ကိုယ်တိုင်မြင်ကြရသလား"

"အများပြောကြတာပဲ"

"ကိုင်း ... ကိုင်း စဉ်းစားရတာပေါ့၊ လာ ... လိုက်ခဲ့ကြဗျာ။ သုမင်္ဂလာဘိဝံသအလောင်းကို ကြည့်မယ်"

ပုရောဟိတ် ဘကြီးကျော်သည် သုမင်္ဂလာဘိဝံသအလောင်း ကိုကြည့်ရာ ဖြူဖွေးနေသဖြင့် "ဟင်း ... ရွှေဓာတ်နှင့် ကြေးဓာတ်တို့ ကုန်နေပါကလား"ဟု သိ၍ အဓောက်ပင် ခပ်ကြာကြာ စဉ်းစားနေ၏။

ထိုနောက် ပုရောဟိတ်ကြီး ဦးကျော်သည် "အင်း ... သည်ဟာ ဟာ အဆင်းကျွန်သောရီအတတ်ပဲ"ဟု ထင်လာ၍ သုမင်္ဂလာဘိဝံသ၏ ကျိန်းစက်ရာအခန်းသို့ သွားရောက်ကြည့်ပြန်၏။

ပုရောဟိတ်ကြီးသည် သုမင်္ဂလာဘိဝံသ၏ အခန်းထောင့် တစ်ခုရှိ ပန်းတင်ပေါ်ရှိ ပုလင်းတစ်ခုကိုမြင်၍ ယူကြည့်ရာ မုဒရက် ရည် အနည်းငယ်ကျန်နေသည်ကို တွေ့ရသည့်ပြင် ငွေခွက်ပြားပြား တစ်ခုကိုလည်း တွေ့ရလေ၏။ ပုရောဟိတ်ကြီးလည်း "အင်း ... ဒါပဲ၊ သည်ကောင်မအတတ်"ဟု ထင်လာ၏။ သုမင်္ဂလာဘိဝံသ၏ သလွန် တော်ပေါ်၌ သေချာစွာ ကြည့်ရှုရာ မည်းလျက်နေသည့် လက်မခန့်ရှိ ဆေးမျှော့တစ်ခုကို တွေ့လေ၏။ ထိုအခါ ပုရောဟိတ်ကြီးသည် ဝါးခြမ်း ညှပ်တစ်ခုကို အရည်းတစ်ပါးအား ယူခဲ့စေ၍ ထိုဆေးမျှော့ကို ညှပ်ပြီး သော် ကျောင်းအောက်ကွင်းပြင်တစ်ခုသို့ ယူခဲ့စေကာ ကျောင်းတော်ကြီး ပေါ်မှ ဆင်းလာလေ၏။

mgyoe.com

mgyoe.com

အရည်းများနှင့် ဒကာများသည် ဝိုင်းနေကြ၏။

ပုရောဟိတ်ကြီးလည်း "မြင်ကြပလား ... သည်အမည်းတောင့်ကြီးကို ကြည့်ကြဆိုကာ အရည်းတစ်ပါးအား ထိုဆေးမျှော့ကို မီးတိုင်တစ်ခုနှင့်မီးရှို့စေရာ ၎င်းမှ စိမ်း၊ ဝါ၊ နီ၊ ရွှေ စသော အရောင်များထွက်လာပြီးသော် ဝိကနင်းအသံကို ဖြစ်စေလျက် ကောင်းကင်သို့ ပျံတက်ကာ ပျောက်သွားလေ၏။

အားလုံးတို့သည် အလွန့်အလွန် အံ့ဩခြင်းဖြစ်ကြလေကုန်၏ ။

ပုရောဟိတ်ကြီးသည် သဘောကို အတတ်သိပြီ။ ဤအကြံကို မည်သူက ကြံစည်သည်။ ထိုအကြံသည် လက်စားချေခြင်းမဟုတ်၊ သုမင်္ဂလာဘိဝံသသည် ကောက်တကျစ်ဉာဏ်နှင့် စလာခြင်းကြောင့် အမိုက်မျိုးကိုဖြုတ်ပစ်လိုက်ခြင်းမျှသာ ဖြစ်သည်ဟုသိ၏။ သို့သော် ပညာရှိပီသသည့်အတိုင်း သဘောသွားကိုသိသဖြင့် ကျောင်းပေါ်သို့ ပြန်တက်ပြီးသော် ဤသို့လျှင် ရှင်းလင်းပြလေ၏။

"သုမင်္ဂလာဘိဝံသ ပျံတော်မူရခြင်းသည် ဤဟာပဲ။ သူ၏ ယောကျ်ားအင်္ဂါကိုကြည့် ကပ်ပြီး မိန်းမကဲ့သို့ ရှိနေလိမ့်မယ်။ ဤဟာသည် ဘယ်လိုနည်းနှင့် သူ့ထံရောက်လာသည်ကို သူမှသိမည်။ သူသည် ဘာကြောင့် ဆိုးရွားလှသော ဤဟာကို အသုံးပြုပါဘိသနည်း"

အရည်းများသည် ပုရောဟိတ်ကြီးပြောသည့်အတိုင်း ကြည့်ကြရာ မှန်နေ၍ အလွန်အံ့ဩခြင်း ဖြစ်ကြလေကုန်၏။ ပုရောဟိတ်ကြီးကလည်း သဘောထားကြီးမြင့်စွာနှင့် ဤသို့ပြောလေ၏။

"သုမင်္ဂလာဘိဝံသအလောင်းကို ကောင်းစွာ ခမ်းခမ်းနားနားနှင့် ဖုတ်ကြည်းသင်္ဂြိုဟ်ကြပေါ့၊ စရိတ်ငွေလိုရင် ပြောကြပေါ့။ ဘုရင့်ထံမှာ တင်ပေးမယ်"

mgyoe.com

mgyoe.com


"အသပြာငွေကြေးအတွက် ကိစ္စမရှိပါ၊ သင်္ဂြိုဟ်တဲ့အခါမှာ သာ ဘုရင်မင်းမြတ် လာရောက်ကြည့်ရှုတော် မူစေလိုပါတယ်"

ထိုကဲ့သို့ အမျှားက သဘောတူကြလေကုန်၏။

ပုရောဟိတ်ကြီးလည်း ဘုရင့်ထံတွင် တင်မည်ဟု မတင်မကျ ပြောခဲ့ပြီးသော် ပြန်ခဲ့လေ၏။

ပုရောဟိတ်ကြီးသည် ရွှေမြို့တော်သို့ ပြန်ရောက်ကာလ မဆိုင်းမတွပင် စောသုမာအိမ်တော်သို့ သွားရောက်လေ၏။ စောသုမာ လည်း ပြုံး၍ ဤသို့ဆို၏။

"နေရာတော်ယူ ... ဘ ... အရည်း လူကျော်ခေါင်းဆောင် သူယုတ်မာတွေ ပြုတ်ပြုတ်ပြုန်းကုန်ပြီ"

"ခေါင်းကြီး သည်လို ရန်ငြိုးဖွဲ့ပြီး လက်စားချေတာတော့ မသင့်ပါ"

"ဘ ... သုမာက လက်စားချေတာ မဟုတ်ဘူး၊ သုမာဟာ ရတနာသုံးပါးကို ဆည်းကပ်ပြီး နေ့တိုင်း ဂုဏ်တော်တစ်ထောင်ရအောင် ဘုရားကိုအာရုံပြုပြီး ပုတီးစိပ်နေတာကို ဘ သိတယ်မဟုတ်လား"

"ဒါပေ့ ခေါင်းဆောင် အရည်းနှစ်ပါးတော့ ချောပြီ။ ဘယ်လို ငရဲမှာများ ရောက်နေမယ်မဆိုနိုင်ပါဘူး"

ထိုအခါ စောသုမာသည် သူ့ထံသို့ နန္ဒာဘိဝံသနှင့် သုမင်္ဂလာ ဘိဝံသတို့က ပေးပို့သော ပေများကိုထုတ်ပြ၍ ပုရောဟိတ်ကြီးသည် ဖတ်ကြည့်ကာနေလေ၏။ စောသုမာသည် ဤသို့ပြောလေ၏။

"ကိုင်း ... ဘ ... ဘပဲတည်းဖြတ်ပါ၊ သုမာ ဆိုးသလား။ သုမာဟာ ဘာသာကုသိုလ်တရားကို ပွားများနေပါတယ်။ သူတို့ဟာ သုမာကို အပိုင်ကြံလာကြတယ်။ ဘာကြောင့် ကြံလာရသလဲ၊ မတ်တော် မင်းဘုရားဟာ သူ့မရီးတော်ကို အင်မတန်ကို ချစ်တယ်၊ နောင်တော်

mgyoe.com

mgyoe.com


နန်းတက်တော့ အသက်တစ်ဆယ့်တစ်နှစ်သာရှိသေးလို့ သုမာနှင့်ပဲ ကြီးရတယ် ဆိုပါတော့..."

"ဒါတော့ ဟုတ်ပါတယ်"

"အဲသည်တော့ မတ်တော်မောင်ဟာ သုမာ့စကားကို နားထောင်တယ်၊ သုမာကိုလည်း အားကိုးတယ်"

"ဟုတ်ပါတယ်"

"အဲသည်တော့ အရည်းသေနာကောင်နှစ်ကောင်က သုမာကို လာရောက်ဖြားယောင်းတယ်၊ သုမာဟာ သူတို့ဘက်သို့ပါရသော် ရဟန်းမင်းအဖြစ်ကို ရအောင်ဆွဲမယ်၊ သုမာကိုလည်း ရဟန်းမင်းရဲ့ အလုပ်အကျွေးခေါင် ခေါင်ကြီးအဖြစ်နှင့် ထားမယ်၊ အဘယ်မျှလောက် ယုတ်မာညစ်ညမ်း သော့သွမ်းတဲ့ အကြံလဲ"

"ဒါတော့ ခေါင်ကြီးကမပါရင် ပြီးတာပဲ၊ ကိစ္စအေးတာပဲ"

"မဟုတ်ဘူး ... ဘ၊ သည်လို သူတို့ကြံစည်တာဟာ သုမာ သည် သူယုတ်မကလေး ကာမမေထုန်ကို အင်မတန်လိုလားတဲ့ ကောင်မ ဟု ကျွန်မကို နင့်နင့်နာနာကြီး စော်ကားတာ"

"စော်ကားတာတော့ စော်ကားတာပဲ"

"သူတို့ရဲ့ဝါဒဟာ အလွန်ယုတ်ကန်းတဲ့ဝါဒ၊ ကျွန်မကို အပျို ဖော်ဝင်တော့မယ့်အခါမှာ သူတို့ ဝိုင်းပြီးဖျက်ပါတယ်၊ သုမာ မရှက် ပါဘူး၊ ဘကြီးကျော့်ထံမှာ သုမာ ဖုံးကွယ်ပြီး သရေတင်စရာမလိုပါဘူး"

"ခေါင်ကြီးကတော့လေ"

"သူတို့ဟာ သူဌေးသမီးကလေးတွေကိုလည်း သည်လိုပဲ ဖျက် ဆီးပြီး သူဌေးမျိုးပြုတ်အောင် သူတို့ကြံ၊ ပြုတ်တော့မှ သူဌေးရဲ့ပစ္စည်း ဘဏ္ဍာ ရွှေငွေတွေကို သိမ်း၊ လူများကို ရွှေငွေနှင့် ဖြားယောင်းကာ

mgyoe.com

mgyoe.com


သူတို့ဘက်သို့ပါအောင် သိမ်းသွင်း…"

"ဒါတော့ ဟုတ်ပါတယ်"

"သိမ်းသွင်းလို့ အင်အားများပြီး တစ်နိုင်ငံလုံး သူတို့တပည့် ခံလာကြတဲ့အခါ ဘုရင်အား သူတို့ရဲ့ဩဇာကို ခံစေပြီး သူတို့ ရဟန်း မင်းလုပ်၊ ရဟန်းမင်းနိုင်ငံတော်ဟု တည်ထောင်မှာ။ ဒါကြောင့်ကို သည် လိုကြံစည်ပြီး ငရဲနှစ်ကောင်ကို ရှင်းလိုက်တာပဲ"

"ခုတော့ ရှင်းသွားပါပြီလေ။ နန္ဒာဘိဝံသ ချောတာကိုတော့ သိပါတယ်၊ ဆေးမျှော့ကတော့ ကြားသာကြားဖူးတယ်၊ ခုမှ မြင်ရပါ တယ်။ အံ့စရာ"

"ဘကလည်း…"

"မိန့်တော်မူပါ"

"လူမှာ သံဓာတ်၊ ငွေဓာတ်၊ ရွှေဓာတ်၊ ကြေးဓာတ်တို့ ရှိပါ တယ်"

"ဟုတ်တယ်"

"အဲသည်ဓာတ်တွေဟာ ကာမစိတ် သောင်းကျန်းလာရင် လွတ်ပြီး မြူးလာပါတယ်"

"ဟုတ်ပါတယ် … ဆေးမျှော့သဘော…"

"သံမှာ သံလိုက်ဓာတ်ရှိသလို ရွှေ၊ ငွေ၊ ကြေး စသော သတ္တု များမှာလည်း လိုက်တဲ့ဓာတ် ရှိပါတယ်။ အဲသည်ဓာတ်စုကို ရအောင် ဖမ်းပြီး..............နှင့် ဆေးကြိတ်တာပဲ၊ မခက်ကောင်းပါဘူး။ ကာမ ဓာတ်မြူးလာတဲ့အခါ သည်ဆေးမျှော့…"

"ဟင်း … အရည်းတွေတော့ ကိစ္စချောကုန်တော့မှာပဲ"

"သောရည်က ဖြုတ်တာကို မနည်းဘူး၊ ငှက်ပစ်တောင်က အချုပ်ကြီးဟာလည်း သည်လိုနည်းနှင့် ဖြုတ်တာပဲ"

mgyoe.com

mgyoe.com


"ဒါထက် ဘုရင်မင်းမြတ်ကိုတော့ သုမင်္ဂလာဘိဝံသကို သင်္ဂြိုဟ်တဲ့အခါ ကြွတော်မူစေသင့်ပါတယ်"

"မထောင်းတာပါဘူး"

* * *

သုမင်္ဂလာဘိဝံသအလောင်းကို မဏ္ဍပ် ကြီးကျယ်ခမ်းနားစွာ ထိုး၍ထား၏။ ရွှေကျောင်းတော်ကြီးပေါ်၌ကား အရည်းများသည် စု၍ စီမံခန့်ခွဲကြကာ နေကြ၏။

သုမင်္ဂလာဘိဝံသအလောင်းကို သင်္ဂြိုဟ်မည့်နေ့သို့ရောက်၍ နံနက်ချိန် ပြင်ဆင်ချိန် အရည်းများသည် လာကြသောအခါ သုမင်္ဂလာဘိဝံသအလောင်းသည် ပျောက်နေလေ၏။ သို့သော် မည်သည့်အချိန်က စ၍ပျောက်သည်ကို မည်သူမျှ မသိကြချေ။

အရည်းများသည် ထိုသဘောကြောင့် မကြံတတ်ရှိနေကြလေ၏။ ထိုအခါ သူခိုးကြီးများ ငသက်ပြင်းနှင့်ငစူးသည် ရောက်လာ၍ ဤသို့လျှင် သက်ပြင်းက ပြောလေ၏။

"ကိုယ်တော်တို့ ဆရာတော်ဘုရားအလောင်းကို နဂါးပြည်က ပင့်ဆောင်သွားတယ် ထင်ပါတယ်"

"ဟာကွာ ... မင်းနှယ် မတောက်တခေါက်"

"ကိုယ်တော် ဓမ္မဓဇ သတိပြုလေ၊ ကိုယ်တော် အရမ်းမပြောနှင့်။ သုမင်္ဂလာဘိဝံသထံ နဂါးများ ခဏခဏပူဇော်ဖို့ လာတယ်လို့ ကိုယ်တော်ပဲ ဟောတယ်မဟုတ်လား"

"အေး ... ဒါတော့ ဟုတ်တာပေါ့"

"အဲသည်တော့ နဂါးများက ကြည်ညိုလို့ ပင့်ဆောင်သွားမှာ..."

"ကွယ်"

mgyoe.com

mgyoe.com


"ဟော့ ... မောင်စူး"

"ကိုယ်တော် တပည့်တော်တို့ မနေ့ညက ဆရာတော်ဘုရား အလောင်းကို လာပြီးဖူးတော့ မင်းသားကလေးနှစ်ပါးဟာ ကိုယ်တော်ကြီးရဲ့ ခြေအစုံကို ဦးတိုက်ကာ ကန်တော့နေတာကို တွေ့ရပါတယ်"

"အင်း ... ဘယ့်နှယ်ကြံကြမလဲကွယ်"

"ကိုယ်တော် တပည့်တော် အကြံပေးပါ့မယ်"

"ပြောစမ်းကွယ် ... ဒကာမောင်စူး"

"နတ်မိမယ် မိထူးကိုခေါ်ပြီး နတ်မေးရရင် သိရမှာပဲ"

"ဟာ"

"ဟာ ... မလုပ်နှင့်ကိုယ်တော်၊ ဘယ့်နှယ်လုပ်မလဲ၊ ခု ဘုရင် မင်းမြတ်လည်း ကြွလာတော်မူချိန်နီးပြီ"

"အေးကွယ် ... မင်းပဲ ခေါ်စမ်းပါ မိထူးကို..."

* * *

"ကိုင်း ... ဒကာမမိထူး နတ်မိမယ်အတတ်နှင့် ကြည့်စမ်းပါ"

"ဟာ .... ဘာ သည်လိုကြည့်လို့ဖြစ်မလဲ"

"ဘယ်လိုလဲ"

"မှန်ရင် အသပြာသုံးရာ ဝတ်လဲတော်ဖိုးတင်ရမယ်"

"မမှန်ရင်ကော..."

"မမှန်ရင် မတင်နှင့်"

"ကောင်းပြီ၊ ကိုင်း ... ဟောစမ်းပါ"

မိထူးသည် မြောက်ဘက်သို့လှည့်ကာ ရှိခိုးပြီးနောက် ဟဝါး... ဟဝါး ... ဟဝါးဟု သုံးကြိမ်းသမ်းပြီးသော် ကိုယ်သည် ယိမ်းယိုင်နေတော့၏။

mgyoe.com

mgyoe.com


ဘုရင် သေည်လည်ပိုက်မင်းသည်လည်း ရောက်လာလေတော့၏။

ဓမ္မဓဇလည်း ဤသို့မေးတော့၏။

"ဘာနတ်ပူးပါသလဲ"

"ငါဟာ မြောက်ဘက်ရှင်မ"

"ခု ကြည့်စမ်းပါ၊ သုမင်္ဂလာဘိဝံသအလောင်းကို..."

"အင်း ... နဂါးပြည်သို့ နဂါးမင်းသားကလေးနှစ်ပါးက ယူသွားတာကိုး"

"ပြန်ရအောင် ဘယ်လိုလုပ်ပါ့မလဲ"

"အင်း ... နဂါးပြည်ရောက်သွားတော့ နဂါးမင်းကြီးက သည်အသုဘကောင်ကို မင်္ဂလာမဲ့ ဘာကြောင့်ယူလာရသလဲ၊ မိစ္ဆာများသာ အသုဘအလောင်းကို တင့်တယ်စွာ လုပ်ကြတယ်ဆိုလို့ ယခု လူ့ပြည် ပြန်ပို့ရာ သည်မှာ လူတွေရှုပ်လို့ တစ်နေရာမှာ ထားသွားတယ်"

"ဩော်...ဘယ်မှာ ထားသွားပါသလဲ"

"တဝဂူထဲမှာ ထားသွားတယ်"

"သွားရှာရင် တွေ့ပါ့မလား"

"တွေ့ရမှာပေါ့၊ ဒါပဲလား"

"ဒါပါပဲ"

"ဟဝါး ... ဟဝါး ... ဟဝါး"နှင့် သမ်းပြီးလျှင် နတ်ထွက်သွားလေ၏။

(ဘုရင်မင်းမြတ်သည်ကား ၎င်းတို့၏အမူအရာကို မြင်ကာလ အတော့်ကိုရှုပ်တဲ့ လူစုပါလားဟု သတိပြုကာ ရှုတော်မူနေလေ၏။)

အရည်းများနှင့် ၎င်း၏ဒကာတို့သည် တဝဂူထဲသို့ သွားရောက်ကြည့်ကြလေရာ ကောင်းစွာပြင်ဆင်ထားသော သုမင်္ဂလာ

mgyoe.com

mgyoe.com


ဘိဝံသ၏အလောင်းကို တွေ့ကြရသဖြင့် ခေါင်းသွင်းပြီးသော် ပြန်ယူလာခဲ့ကြပြီးလျှင် နတ်မိမယ်မိထူးအား အသပြာသုံးရာပေးကာ ပြန်လွှတ်လိုက်ရလေ၏။

ဘုရင်မင်းမြတ်သည်ကား "အင်း ... အရည်းများရဲ့ ဆံမွေးကို နတ်နိုင်တဲ့ လူများလည်း ရှိသေးတာပဲ"ဟု အောက်မေ့ကာ လောက၏ အဆင်ကိုသာလျှင် အကဲခတ်နေလေ၏။

ဘုရင်မင်းမြတ် သေည်လည်လည်း ထိုအလောင်းကို သင်္ဂြိုဟ်ပြီးသော် ပြည်သူတို့၏ ရှိသေလေးမြတ်ခြင်းကို ယူ၍ ပြန်တော်မူလေ၏။

အရည်း၏ ဂိုဏ်းဝင် ဒကာ၊ ဒကာမများနှင့် အရည်းငယ်တို့သည်ကား လောက၌ ဖြစ်ပျက်သော အဆန်းတကြယ်ကို မစေ့ငု မပိုင်းဖြတ်တတ်ဘဲနှင့် ထိုသို့သော အဖြစ်အပျက်သဘောကြောင့် ဤကဲ့သို့ အရည်းဂိုဏ်းကြီးသည် ချက်ချင်း လှုပ်ရှားသကဲ့သို့ ဖြစ်လာလေ၏။

ဓမ္မဓဇ စသော အရည်းတို့သည် အတတ်ပညာမရှိ၊ ဘုန်းတန်ခိုးမရှိ၊ အကျင့်မကောင်း။ ထို့ကြောင့် နတ်မိမယ်၊ မယ်ထူးလောက်မျှ မသိမမြင်နိုင်ဟု စကားပျံ့နေလေ၏။ အချို့သော အရည်းငယ်တို့က အရည်းအထက်လွှာပိုင်းက အရည်းများသည် သုမင်္ဂလာဘိဝံသ အလောင်းအား နဂါးပြည်က ဆောင်ယူသွားခြင်းကိုမသိ၊ ပြန်ပို့ထားခြင်းကိုလည်းမသိ၊ နတ်မိမယ် မယ်ထူးသည်ကား သိသည်ဟု တီးတိုးရှုတ်ချ စကားများသည် တစ်စတစ်စနှင့် ကားလာလေ၏။

သူဌေးသူကြွယ် စသော အရည်းဝါဒစွဲ ဒကာ၊ ဒကာမတို့မှာ နန္ဒာဘိဝံသနှင့် သုမင်္ဂလာဘိဝံသတို့ ပျံတော်မူသွားသည်ကိုပင် အလွန့်အလွန် နှမြောတမ်းတလျက် မိမိတို့အား အုပ်ချုပ်နိုင်ပြီးလျှင် ဆုံးမသွန်သင်မည့်သူ မစစောင့်ရှောက်မည့်သူ ကင်းမဲ့သွားလေပြီဟု အထူးသဖြင့်

mgyoe.com

mgyoe.com


ယူကျုံးမရ ရှိကြလေကုန်၏။ သို့သော် ထိုသူတို့အားလုံးသည် နန္ဒာဘိဝံသသည် အဘယ်ကြောင့် ပျံတော်မူရသည်၊ သုမင်္ဂလာဘိဝံသသည် အဘယ်ကြောင့် ပျံတော်မူရသည်တို့ကို မစဉ်းစား မစူးစမ်းတတ်ကြဘဲ နန္ဒာဘိဝံသ၏ ဒကာ၊ ဒကာမများက သုမင်္ဂလာ ဘိဝံသသည် နန္ဒာဘိဝံသကို သေစေသည်ဟု ထင်မှတ်ကြခြင်းကို မပျောက်နိုင်ကြပေ။

သုမင်္ဂလာဘိဝံသ၏ ပုဂ္ဂိုလ်စွဲ တပည့်တပန်း ဒကာ၊ ဒကာမတို့ကလည်း နန္ဒာဘိဝံသ၏ တပည့်တပန်းတို့သည် နတ်ဆရာကို ငှား၍ သုမင်္ဂလာဘိဝံသကို သေစေသည်ဟု ထင်နေသောအထင်ကို မငြိမ်းနိုင်ကြပေ။

အရည်းသာသနာပင် ဆိုကြပါစို့။ အရည်းများ၏ ဝါဒညစ်ဆိုးများကို နှစ်သက်ကြည်ညိုကြကုန်သော သူတို့သည် လှုပ်ရှားနေကြလျက် အရည်းတို့သည် ယိမ်းယိုင်ကာ လျှောက်ကြဖို့ရန်သာရှိလေတော့သည်။

မည်သည့်ခေတ် မည်သည့်အခါမှာမဆို အလွန်ကြီးကျယ်ခိုင်ခံ့သော ဂိုဏ်းကြီးကို တည်ဆောက်မိစေကာမူ ထိုဂိုဏ်းထဲ၌ ရာထူးလုခြင်း၊ ဂိုဏ်းလုခြင်း၊ ကိုယ်၏ကောင်းစားရေးကို အလိုရှိခြင်းတို့ ရှိလာခြင်း၊ ရရှိနေသော ရာထူးဂုဏ်၊ အာဏာ၊ မိမိ၏စည်းစိမ်တို့ကို တည်မြဲအောင် ကြိုးစားနေရခြင်းသည် ထိုဂိုဏ်းကြီးကို မပျက်နိုင်စေကာမူ မှေးမှိန်အောင် ပြုလုပ်ရာရောက်တတ်ချေသည်။

အရည်းများ၏ အရေးသည်ကား မအေးသကဲ့သို့ ရှိနေချေပြီ။ ယခုအခါ၌ သမထီးအရပ်၌ အရည်းသာသနာကြီးကို အုပ်ချုပ်ဖို့ရန် ဂိုဏ်းချုပ်ထားဖို့အရေးသည် နွေးသည်ထက် နွေးလာပြီးသော် မအေးနိုင်အောင် ရှိလာလေပြီ။

အချို့သောအရည်းတို့က ဓမ္မဓဇသည် တရားပြကောင်းသည့်

mgyoe.com

mgyoe.com

အရည်းဂိုဏ်းချုပ်ကြီးရှိစဉ်ကပင် လူတို့အား တရားပြကာ ဆုံးမခြင်း ပြုခဲ့ရသည်။ ထို့ကြောင့် ဓမ္မဓဇကို ဂိုဏ်းချုပ်ထားသင့်သည်ဟု ဆိုကြ၏။ လိုလားကြ၏။

အချို့က တက္ကပဏ္ဍိအရည်းသည် အတတ်ပညာမျိုးစုံသည့် အရည်းများအား သင့်တော်အောင် အတတ်ပညာများကို ခွဲဝေကာ သင်ပေးနေသည်။ အတတ်ပညာမရှိပါက လောကကို ထိန်းသိမ်းစောင့်ရှောက်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် တက္ကပဏ္ဍိအရည်းကို ဂိုဏ်းချုပ်ထားသင့်သည်ဟု လိုလားကာ ပွင့်လာကြ၏။

အချို့က သိဒ္ဓိဇလအရည်းသည် လုပ်ရပ်လမ်း၌ အပြီးတိုင်မြောက်၍ ထွက်လိုသောအချိန်တွင် ထွက်သွားနိုင်သည်။ သိဒ္ဓိဇလအားဖြင့် ရွှေငွေစသည်တို့နှင့် မစသင့်သူတို့အား မစနေသောကြောင့် အရည်းဂိုဏ်းကြီးသည် တည်တံ့နေပေသည်။ ထို့ကြောင့် သိဒ္ဓိဇလကို အရည်းဂိုဏ်းချုပ် ခန့်ထားသင့်သည်ဟု တည့်တည့်လင်းလင်း ပွင့်လာကြလေ၏။

အချို့က နာဂိန္ဒအရည်းသည် လုပ်ရည်၊ ကြံရည်၊ တိုက်ရည်၊ ခိုက်ရည်နှင့် စွမ်းသည့်ပြင် နဂါးတို့ကိုလည်း နိုင်နင်းသည်။ ထို့ကြောင့် ပုပ္ပားတောင်တော်သည် မီးမထွက်သည်မှာ ကြာမြင့်လှပြီ။ မြေကြီး ငလျင်ပြင်းထန်စွာမလှုပ်သည်မှာ ကြာမြင့်လှပြီ။ ထို့ကြောင့် နာဂိန္ဒ ကိုသာ အရည်းဂိုဏ်းချုပ် ထားသင့်သည်ဟု ပြောဆိုနေကြလေ၏။

ဒကာ၊ ဒကာမတို့ကလည်း ၎င်းတို့နှင့် အစပ်တည့်ရာ အရည်းကိုသာ ဂိုဏ်းချုပ်ထားစေလိုကြ၏။

အစဉ်အဆက်အားဖြင့် အရည်းဂိုဏ်းချုပ်ကြီးသည် အရည်းများအား တစ်ခုတည်းသော အတတ်ပညာ၌သာ အခေါင်အထိပ် မြောက်တတ်အောင် သင်ကြားခံယူစေခြင်းဖြင့် ယခုတွေ့ကြုံနေရသောအရေး

mgyoe.com

သည် မရှင်းလင်းနိုင်အောင်ပင် အရည်းများမှာ ပြဿနာတစ်ခုကဲ့သို့ ဖြစ်နေ၏။

ငှက်ပစ်တောင်၌လည်း အရည်းငယ်တစ်ပါး သောမဒတ္တသည် ရှိ၏။ ၎င်းသည် နဂါးမင်းကြီး၏ သားတော်ဟု ထင်ရှားကျော်ကြား သည့်ပြင် အတတ်ပညာမျိုး၌လည်း စုံလင်သည်ဟု ထင်ရှား လေ၏။ သို့သော် သောမဒတ္တသည် သူတောင်းစားမကလေး ကဥ္စနမာလာ၏ သား ဖြစ်နေ၏။ အသက်အရွယ်ငယ်သေး၍ ဝါမှာလည်း နုသေး၏။

ထိုသောမဒတ္တသည် နဂါးမင်းကြီး၏သား ဖြစ်ရသည်ကား ဤသို့ဖြစ်၏။

ကဥ္စနမာလာသည် ငှက်ပစ်တောင်အရည်းချုပ်ကြီး၏ ကျောင်း တော်ဝိုင်းအတွင်းရှိ ဇရပ်တစ်ခုတွင် မှီခိုနေ၏။ ကဥ္စနမာလာကား အသွေး အရေအလွန်တင့်တယ်၏။ အသံလည်း အလွန်ပင်ကောင်း၏။ ၎င်းသည် တယောအတတ်၌ ပါရဂူမြောက်လောက်ပင် တတ်ကျွမ်း၏။ ထို့ကြောင့် ၎င်းမှာ လာဘ်သပ်ပကာ အလွန်ပေါများ၏။ ပေါများသည့်အတိုင်း အမှီသဟဲ လိုသောကြောင့် ငှက်ပစ်တောင် အရည်းချုပ်ကြီးကို အားကိုး အားထားပြုပြီးသော် ဇရပ်တွင် နေလေ၏။

ကဥ္စနမာလာသည် ထိုအရည်းချုပ်ကြီး ဆရာတော်ဘုရားအား တယော၊ သီချင်း၊ သာချင်း၊ တေးချင်း၊ တာချင်းတို့ဖြင့် ညဦးယံတွင် ခုနစ်ရက်တစ်ပတ်မှာ သုံးကြိမ်လောက် ဖျော်ဖြေ၏။ နံနက်စောစော ထ၍ ထိုအရည်းချုပ် ဆရာတော်ဘုရားအား ယာဂုကပ်၏။

တစ်နေ့သ၌သော် ကဥ္စနမာလာမှာ ကိုယ်ဝန်တည်၏။ ထိုအခါ သူသည် ဆရာတော်ဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုသောကြောင့် သူတော်ကောင်းမတို့၏ အတွင်းတွင် အပါအဝင်ဖြစ်၍ ဆရာတော် ဘုရားထံသို့ တရားနာလာသော နဂါးမင်းကြီးသည် နှစ်သက်သဖြင့်

mgyoe.com

mgyoe.com


နဂါးမင်းကြီးနှင့် တွေ့ရသောကြောင့် နဂါးမင်းကြီးနှင့် ပဋိသန္ဓေရသည်ဟု ပြော၏။ အများမြင်သာအောင် ဇရပ်ပေါ်၌ နဂါးကြီးကို မှီ၍လည်း ရံဖန်ရံခါမှီ၍ ကဥ္စနမာလာသည် နေလေ့ရှိ၏။

ထိုသို့သောသဘောကြောင့် ကဥ္စနမာလာ ပြောသည့်အတိုင်း လူတို့သည် ယုံကြည်ကြ၏။ ကဥ္စနမာလာ၌ သားသောမဒတ္တအပြင် သမီးသုမနဒေဝီကိုလည်း မြင်သေး၏။ ၎င်းကိုလည်း နဂါးမင်းကြီး၏ သမီးဟု ကဥ္စနမာလာက ပြောပြသည့်အတိုင်း လူတို့သည် ယုံကြည်ကြ၏။

ထို သောမဒတ္တကို သမထီးအရပ်မှ ခေတ်အလျောက် ငံသည် ဟုဆိုသော အရည်းအချို့သည် သမထီးအရပ်သို့ပင့်၍ အရည်းဂိုဏ်းချုပ် ပြုလုပ်သင့်ကြောင်းနှင့် အဆိုသည်လည်း ထင်ရှားလာ၏။

ထိုအခါ အချို့သော ဒကာ၊ ဒကာမများနှင့် အရည်းအချို့ တို့က သောမဒတ္တ၏ ပညာစွမ်းကား အဘယ်သို့နည်းဟု မေးမြန်းကြ သောအခါ သောမဒတ္တကို ပင့်ချီလာသော အရည်းတစ်စုက သောမဒတ္တ သည် ညအချိန်တွင် လနှင့်အတူ လတစ်စင်းကိုပင် ထွက်စေနိုင်သည်။ နဂါးများကို နဂါးထာကြိမ်လုံးနှင့် ရိုက်၍ခေါ်နိုင်သည်ဟု ပြောကြ၏။ ဤမျှထိ စွမ်းသည်ဟု သိဒ္ဓိတင်ကာ ပြောဆိုကြလေသည်။

တချို့ ဒကာ၊ ဒကာမနှင့် အရည်းအချို့က ထိုမျှသော အတတ် ကို ပုဏ္ဏားဆရာ (နတ်ဆရာ) ပိန်သေးပင် တတ်သည်၊ မပြောပလောက် ဟု ဆိုကြ၏။

ထိုကဲ့သို့ အငြင်းအခုံဖြစ်နေ၍ အရည်းသောမဒတ္တနှင့် ပုဏ္ဏား ဆရာ ပိန်သေးတို့သည် အတတ်ပညာကိုပြကြရန် သဘောတူညီကြ လေ၏။ ထို့ကြောင့် ကြီးကျယ်လှစွာသော မဏ္ဍပ်ကနားကြီးကိုထိုး၍ တစ်နေ့သောနေ့လယ်တွင် နတ်ဆရာပိန်သေးနှင့် အရည်းသောမဒတ္တ

mgyoe.com

mgyoe.com

သည် မိမိတို့၏အတတ်ပညာများတို့ကို ပြကြမည်ဖြစ်၍ လူထုသည် ကြိတ်ကြိတ်တိုးစည်ကားကာ ရှိလေ၏။

အချိန်ကျသော် အရည်းသောမဒတ္တနှင့် ပုဏ္ဏားဆရာ ပိန်သေးတို့သည် မျက်နှာချင်းဆိုင်ကာ မိမိတို့နေရာတွင် နေကြလေ၏။ သောမဒတ္တကား ငါ့အတတ်ပညာများကို သမထီးအရပ်က လူများသည် မြင်ကြရပေတော့အံ့။ ငါသည် အရည်းဂိုဏ်းချုပ်ဖြစ်ရမည်ဟု အောက်မေ့ကာ ပိန်သေးကဲ့သို့သော ပုဏ္ဏားဆရာအစုတ်ကို ဂရုမပြုဘဲ ဤသို့လျှင် အတတ်ပညာကို ပြလေတော့၏။

သောမဒတ္တသည် လက်ဝါးနှစ်ဖက်ကို ပွတ်တိုက်၍ ရေကန်ကြီးတစ်ကန် ကြာမျိုးငါးပါးနှင့် တည်စေဟုဆို၏။

ရေကန်ကြီးသည် ကြာမျိုးငါးပါးနှင့် ပေါ်လာ၍ ဟင်္သာ၊ စက္ကဝက် စသော ရေကျေး၊ ရေငှက်တို့သည် ပျော်မြူးကာ ရှိကြလေ၏။

လူအားလုံးတို့သည် အံ့သြကာ ကြည့်နေကြလေ၏။ သောမဒတ္တသည် "နဂါးမင်းသမီးလေးပါး ရောက်လာ၍ ကြာပန်းများနှင့် ကစားနေစေ ငါ့အာဏာ"ဟု ဆိုလေ၏။

နဂါးမင်းသမီးကလေး လေးပါး ပေါ်မလာဘဲ အမယ်ကြီးအိုလေးယောက်တို့သည် ဆံဖြူ သွားကျိုး၊ ခါးကုန်း၍ တောင်ဝှေးထောက်ကာ ရေကန်၏လေးထောင့်၌ ပေါ်လာလေ၏။

"ဟဲ့ ... ဘယ့်နှာလဲ နဂါးမင်းသမီးလေးပါး ရောက်စေ"ဟု ကြိမ်လုံးနှင့်ရိုက်၍ အမိန့်ပေးလေ၏။

အမယ်ကြီးအိုလေးယောက်သည် တောင်ဝှေးကိုချ အဝတ်ကို ချွတ်၍ ရေကန်ထဲသို့ဆင်းကာ ချိုးလေ၏။ ပရိသတ်ကား "ဟင်... ဟင် ... ဟင်"နှင့် ဟင်ကြကုန်၏။ သောမဒတ္တအရည်းသည် စိတ်ပေါက်လာဟန်ရှိ၍ "ဒါတွေ ပျောက်စေ"ဟု ကြိမ်လုံးကိုရိုက်ကာ အမိန့်ပေး

mgyoe.com

mgyoe.com


လေရာ ပျောက်မသွားဘဲ အမယ်အိုကြီးများသည် ရေချိုးကာနေကြ လေ၏။

သောမဒတ္တသည် အလွန် စိတ်ဆိုးလာလေပြီ။ ပိန်သေးကား မူမပျက်ဘဲ တည်တည်ပင် အံ့ဩသကဲ့သို့ ကြည့်နေ၏။ သောမဒတ္တ သည် စိတ်ဆိုးလွန်း၍ "သိစေရမည်၊ နှောင့်ယှက်တဲ့ စုန်းကောင်တော့ နဂါးစာကျွေးရမှာပဲ'ဆိုကာ တစ်စုံတစ်ရာသောဆေးကို ဆေးအစ်မှ ထုတ်၍ လက်နှင့်ပွတ်ပြီးသော် "ဘောဂဝတီပြည်မှ နဂါးနီကြီးရောက် စေ"ဟု အမိန့်ပေးလေ၏။

ထိုအခါ နဂါးနီကြီး ရောက်မလာဘဲ ဝက်ဖြူကြီးတစ်ကောင် သည် ပေါ်လာလေ၏။ ပရိသတ်ကား ဟင်ကြကုန်၏။ သို့ရာတွင် ကြည့်၍ကား ကောင်းကြပေမည်။ ဝက်ဖြူကြီးသည် အမယ်ကြီးအို လေးယောက်ကို လိုက်၍ ခေါင်းကစပြီးသော် ဝါးစားလေ၏။ အမယ်အို ကြီး လေးယောက်ကုန်သော် ကန်ကြီးအတွင်းရှိ ကြာမျိုး ငါးပါး၏ ကြာဖူး၊ ကြာစွယ်၊ ကြာပန်း၊ ကြာဥကို စား၍ကုန်လေ၏။ ကန်ထဲမှ ရေများကိုလည်းသောက်၍ ရေသည် ကုန်ခန်းသွားလေ၏။ ဝက်ဖြူကြီး သည် ရေမရှိသောကန်ထဲ၌ ခြသေ့်ထိုင်ထိုင်ကာ ခွေးကဲ့သို့ လျှာနှင့် နှုတ်ခမ်းကို လျက်နေတော့၏။

ပရိသတ်ထဲမှ လူစွာတစ်ယောက်က "အရှင်အရည်း၏ နဂါးနီ ကား ဒါလား"ဟု မေးတော့၏။

သောမဒတ္တသည် အလွန်ရှက်၍ "ပျောက်စေ"ဟု ဆိုကာ သိမ်းတော့၏။ ၎င်းတို့ကား မပျောက်ချေ။ သောမဒတ္တသည် ရှက်လွန်း သဖြင့် ၎င်း၏နေရာမှ ထသွားလေတော့၏။

ပိန်သေးကား တစ်စခန်းထတော့ပြီ။ အရည်းကား သူ့အတတ် ကို သူမသိမ်းနိုင်တော့ဘဲ ထွက်ပြေးပြီ။ ပရိသတ်များ (အကုသလံ ဓမ္မံ

mgyoe.com

ပဋိစ္စံ၊ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ) မကောင်းသောသဘောကို စွဲ၍ မကောင်းသောသဘောသည် ဖြစ်၏။ ၎င်းနှင့်တစ်ဖက် (ကုသလံ ဓမ္မံ ပဋိစ္စ၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ) ကောင်းသောသဘောကိုစွဲ၍ ကောင်းသောသဘောသည် ဖြစ်၏။ ကိုင်းဗျာ ... ဝက်ဖြူကြီးနှင့် ရေကန်ကို ပရိသတ်က မမြင်ချင်တော့ပါ။ ကွယ်စေ...”

ရေကန်နှင့် ဝက်ဖြူကြီးသည် ပျောက်သွားလေ၏။ ပိန်သေးပုစ္ဆာန်းဆရာကား ထူးဆန်းသော နတ်ဆရာလား၊ ဘယ်လိုလူလဲ။ အရှေ့ဘက်သို့လှည့်၍ “ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် တပည့်တော်၏ ထိပ်ထက်၌တည်၍ ရပ်တော်မူပါ”ဟု ဆိုကာ ရှိခိုးဦးချပြီးလျှင် ငါးပါးသီလကို ယူတော့၏။ ယူပြီးနောက် ဤသို့ပြုလုပ်လေ၏။

ဆန်ပန်းများကို မန်းပြီးသော် ကြဲလိုက်ရာ မိန်းကလေးတစ်ယောက်သည် ပေါ်လာလေ၏။ ထိုမိန်းကလေးသည် လှပခြင်း၌ သူမတူအောင်ပင် ဆိုရမလောက်ဖြစ်သော်လည်း သူတောင်းစားမလေး အသွင်ကဲ့သို့ ဖြစ်နေ၏။ သူတောင်းစား ကိရိယာတန်ဆာပလာတို့နှင့်လည်း ဖြစ်နေ၏။ ထိုမိန်းကလေးသည် တယောထိုး သီချင်းသီကာ တောင်းနေသကဲ့သို့ မြင်ကြရ၏။ သို့သော် အသံကိုကား မကြားကြရ။

ထိုမိန်းကလေးထံသို့ များစွာသောသူတို့သည် အသပြာများ၊ ဆန်များ စသည်တို့ကို ပေးကြ၏။ ထိုမိန်းကလေးသည် မိမိရသော လာဘ်သပ်ပကာများကို ယူ၍သွားသည်ဟု ကြည့်နေသူတို့သည် မြင်ရ၏။ ထိုမိန်းကလေးသည် အရှည်းကြီးကျောင်းဝိုင်းရှိ ဇရပ်တွင် တည်းနေ၍ ချက်ပြုတ်စားသောက်နေ၏။

ညနေချိန်သော် အရှည်းကြီးသည် ထိုမိန်းကလေးထံသို့ လာ၍ လက်ဟန်ခြေဟန်ပါပါနှင့် စကားပြောဆိုနေပုံကို ကြည့်သူတို့သည်

mgyoe.com

mgyoe.com


မြင်ရ၏။ အသံကိုကား မကြားရချေ။ မိန်းကလေးကား ခေါင်းကိုငုံ့၍ စဉ်းစားသကဲ့သို့ ရှိနေပုံကို မြင်ကြရ၏။

(ငှက်ပစ်တောင်ဂိုဏ်း အရည်းချုပ်ကြီးကို မြင်ဖူး ဖူးမြော်ဖူး သူတို့က ငှက်ပစ်တောင်ဆရာတော်ကြီးဟု ညံနေအောင် ပြောကြ လေ၏)

ထို့နောက် ဆီမီးရောင်တို့ဖြင့် ထိန်ထိန်လင်းနေသော ကျောင်း ခန်းကြီးအတွင်း၌ အရည်းဆရာတော်ဘုရားသည်လည်း လဲလျောင်း နေ၍ သူတောင်းစားမကလေးနှင့် အသွင်တူသော မိန်းကလေးသည် ဝတ်ဖြည့်နေပုံကို ပရိသတ်တို့သည် မြင်ကြရ၏။

ထိုနောက် အရည်းကြီးကို လက်နက်များစွဲကိုင်သော လူနက် ကြီးလေးယောက်သည် ဖမ်းဆီးသွား၍ စအိုဌ် တံစို့ထိုးပြီးသော် လွင် တစ်ခုတည်း၌ ချထားသည်ကို ပရိသတ်တို့သည် မြင်ကြရပြီးနောက် ပုဏ္ဏာန်း ဆရာပိန်သေးသည် ထိုဇာတ်ခန်းကို ရုပ်သိမ်းလိုက်လေ၏။

* * *

ထိုသို့သောသဘောသည် ဖြစ်နေ၍ အရည်းများအတွင်း၌ လည်းကောင်း၊ အရည်းများ၏ ဒကာ ဒကာမများ၏ အတွင်း၌လည်း ကောင်း၊ အရည်းဂိုဏ်းချုပ် ဆရာတော်ခန့်ထားရန် သဘော၌ မည်ကဲ့သို့ စေ့စပ်ရန် မရနိုင်သောကြောင့် ထိုအရည်းဂိုဏ်းကြီးကို ဘုရင်မင်းမြတ် သည်လည်းအား အပ်နှင်းရန် သဘောညီညွတ်ကြလေ၏။

ထို့ကြောင့် ဘုရင်မင်းမြတ်ထံ ထိုသို့သောသဘောကို လျှောက် တင်ရန် ပြောရေးဆိုခွင့်၌ ရဲရင့်လိမ္မာသော အရည်းဓမ္မဓဇ၊ အရည်း နာဂိန္ဒ၊ အရည်းသောမ၊ အရည်းဓမ္မသာမိတို့ကို လွှဲအပ်ကာ လွှတ်လိုက် ကြလေ၏။

ထိုအရည်းလေးပါးတို့သည် နောက်တစ်နေ့နံနက်တွင် သေည်

mgyoe.com

mgyoe.com


လည် ဘုရင်မင်းမြတ်၏ နံနက်ညီလာခံသဘင်သို့ အခွင့်တောင်းပြီးလျှင် ဝင်ရောက်ကြလေရကား ဘုရင်မင်းမြတ်သည် ညီလာခံသဘင်၌ ဆွေးနွေးနေခြင်းကို ရပ်၍ ဤသို့ မေးတော်မူလေ၏။

"အရည်းဆရာများ အသို့အကြောင်းထူးများ ရှိပါသလဲ"

"ဒကာတော်ရေမြေ့ရှင်..."

"အမိန့်ရှိပါ အရည်းဆရာ"

"အရည်းဂိုဏ်းဝင် အရည်းများ၊ ဒကာ ဒကာမများနှင့် တိုင်ပင်ဆွေးနွေးရာ အားလုံးသောသူများက အရည်းသာသနာဂိုဏ်းကြီးကို ဘုရင်မင်းမြတ်အား လွှဲအပ်ရန် သဘောတူကြ၍ လာရောက်ပါသည်။ ထို့ကြောင့် လက်ခံတော်မူပါ ရေမြေ့ရှင်"

"ဟာ ... အရည်းဆရာတို့ မတော်တာ မကြံအပ်၊ မကြံစည်သင့်ရာ"

"ဒကာတော် ယခု အရည်းများကို အုပ်ချုပ်ဖို့ရန် လိုနေခြင်းကြောင့်ပါ"

"မဟုတ်ပါဘူး ဆရာတော်တို့ ... ကျွန်ုပ်သည် ငယ်ကတည်းက စ၍ အရည်းများကို မကြည်ညို၊ အရည်းများရဲ့ ဝါဒကိုလည်း မနှစ်သက်၊ ဘယ့်နှယ် ဖြစ်နိုင်ပါ့မလဲ"

"ဒကာတော်"

"မိန့်တော်မူပါ"

"ဒကာတော်သည် ရေမြေ့ရှင်း ရေပိုင် မြေပိုင်ပါ။ အရည်းများသည် ဒကာတော်ကိုမှီ၍ အေးချမ်းစွာ နေရပါသည်။ ထို့ကြောင့် ဒကာတော်သည်အရည်းများနှင့်သက်ဆိုင်ပါသည်။အရည်းများ၏အရေးသည်လည်း ဒကာတော် မကြည်ညိုချင်နေ၊ ဒကာတော် ဝါဒကိုမကြိုက်ရင် မကြိုက်နှင့်။ ဒကာတော့်အရေးပင်ဖြစ်ချေသည်။ ထို့ကြောင့် လက်ခံတော်မူပါ"

mgyoe.com

mgyoe.com


"ဟာ...အရည်းဆရာတို့ မဖြစ်ဘူး၊ အရည်း သာသနာဂိုဏ်း ကြီးကို လက်ခံရမယ်လို့၊ မဦးမချွတ် မတောက်တခေါက်"

"ငါ့ရှင် ဓမ္မသာမိ အကြောင်းကို တင်စမ်းပါဦး"

"ဘာထူးထူးထွေထွေကို တင်ဦးမလို့လဲ ဓမ္မသာမိ၊ ဓမ္မသာမိ နှင့်ကျွန်ုပ် တရားငြင်းလာခဲ့တာပဲ။ ဘယ်အခါကများ နိုင်ဖူးသလဲ"

"သည်လိုပါ"

"ဆိုပါ အရည်းဓမ္မသာမိ"

"သေည်လည်သည် တမ္ဗဒီပတိုင်းနိုင်ငံကြီး၏ ကေရာဇ် တစ်ဆူ ဘုရင်မင်းမြတ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"တမ္ဗဒီပ တိုင်းနိုင်ငံအတွင်းရှိ မည်သည့်ဘာသာဝင်၊ မည်သည့် အယူကိုယူသော မည်သူမဆို သေည်လည်ဘုရင်းမင်းမြတ်၏ တိုင်းသူ ပြည်သားပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"သည်တိုင်းသူပြည်သားများသည် ကိုးကွယ်ဆည်းကပ်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ သာသနာရေးနှင့် ပတ်သက်၍ဖြစ်စေ အဓိကရုဏ်း အကြီးအကျယ် ဖြစ်လာခဲ့သော် ဘုရင်မင်းမြတ်နှင့် မဆိုင်ဘူးလား"

"ဓမ္မသာမိ... ဓမ္မသာမိသည် ကျွန်ုပ်ကို ပိတ်ထားပြီ"

"မဆိုင်ဘူးလား ရေမြွေ့ရှင်"

"ဆိုင်ပါသလေ"

"ဒါဖြင့် လက်ခံပါ"

"မရိုးဖုရားကို တိုင်ပင်ပါရစေဦး"

"တိုင်ပင်တော်မူပါ"

"နက်ဖြန်ညီလာခံတွင် အရည်းဆရာများ ကြွခဲ့ကြပါဦး"

mgyoe.com

mgyoe.com


"ကောင်းပါပြီ"

* * *

နောက်တစ်နေ့ ညီလာခံ၌ ဘုရင်မင်းမြတ်၏ မရိုးတော် စောသုမာသည် ညီလာခံသဘင်၌ သီးသန့် သလွန်တော်တစ်ခုနှင့် အဝတ်ဝါကိုဝတ်ဆင်၍ တဘက်ဝါကို လောပတ်ထိုးပြီးသော်နေလေ၏။

ထိုအခါ ညီလာခံသဘင်အလယ်၌ ဘုရင်သေည်လည်သည် ဤသို့ မိန့်တော်မူ၏။

"မရိုးတော် အရည်းဆရာများအား မိန့်တော်မူပါ"

"အရည်းဆရာများ အလိုရှိချက်ကို သုမာသိပြီ၊ ဘာကြောင့် အရည်းတစ်ပါးပါးကို အရည်းဂိုဏ်းချုပ် မမြှောက်လိုကြသလဲ၊ တင်းလွန်းလျှင် ပြတ်သည်၊ လျော့လွန်းလျှင် ပတ်သည် ဆိုစကားရှိထားသော်လည်း လျှော့ပေးခြင်းမရှိသော် သဘောမညီညွတ်နိုင်၊ အရည်းဆရာများကို လျှော့ပေးကြမှပေါ့"

"ဓမ္မဝဇ ... ဆိုပါ"

"ဒကာမကြီး"

"မိန့်တော်မူပါ"

"အရည်းငယ်များ၊ ဒကာ ဒကာမများက သဘောမညီညွတ်ကြဘဲ တင်းမာလွန်းအားကြီးလို့ပါ"

"ကောင်းပြီ ... ဒါဖြင့် ဘုရင်မင်းမြတ်ရဲ့ အလိုတော်ကို အရည်းများ လိုက်လျောရလိမ့်မယ်၊ လိုက်လျောနိုင်သော် အရည်းများလျှောက်တင်သည်ကို ဘုရင်မင်းမြတ်သည် စဉ်းစားတော်မူပေလိမ့်မယ်"

"ဘယ်ကဲ့သို့ အလိုတော်ကို လိုက်လျောရမလဲ ဒကာမကြီး"

mgyoe.com

mgyoe.com


"အရည်းများသည် မာတုကာမများအား ကျောင်းလွှတ် ပူဇော်ခြင်းကို လက်မခံပါဘူး"ဟု ကတိပြုသော် အရည်းများ လွှဲအပ်သည်ကို လက်ခံနိုင်ကောင်းပါမည်။ သို့မဟုတ်ပါက ဘုရင်မင်းမြတ်သည် အလမ္ပာယ်သမား၏ ပခြုပ်ထမ်း ဖြစ်နေပေလိမ့်မည်။

အရည်းများသည် တစ်ဦး၏မျက်နှာကို တစ်ဦးကကြည့်၍ မည်ကဲ့သို့ ပြောဆိုရမည်ကို ရှာမတွေ့သကဲ့သို့ ရှိကြလေ၏။ စောသုမာသည် ဤသို့ ပြောပြန်လေ၏။

"အရည်းများ စဉ်းစား အရည်းဆိုသည်မှာ ရဟန်းပင်ဖြစ်သည်၊ ရဟန်းနှင့်လူ ခြားနားခြင်းအစစ်သည်ကား မေထုန်မှုကို မပြုခြင်းနှင့် ပြုခြင်းဖြစ်သည်။ ရဟန်းပင် မည်သည့်မေထုန်ကိစ္စဋ္ဌ အကျွမ်းဝင်သော မာတုကာမတစ်ယောက်ကို လှပသည်ဟု မကြည့် မမြင်ရ၊ သာယာသော အသံကို သာယာပါဘိသည်ဟု နားမထောင်ရ၊ ကိုယ်၏အတွေ့၊ အရသာကောင်းကို မလိုလားရ၊ ကိုယ်ကို လှပပြေပြစ်တင့်တယ်အောင် မပြုရ။ ဤမျှ အကျဉ်းချုပ်ပြောခြင်းသည် အရည်းများကို သနားခြင်းကြောင့် ပြောပြသည်"

"အရည်းများက မေထုန်မှုကိုပြုသော လူတို့သည် အပြစ်ရှိသလော၊ ငရဲကြီးသလောဟု စောဒကပြုရန်ရှိသည်။ ပြုလော့ .... ထိုသဘောကြောင့် သံသရာမှာ လှည့်လည်ရသည်၊ ထိုသဘောနှင့်အကျွမ်းဝင်သာယာမှုကြောင့် သံသရာမှာ လှည့်လည်ရသည်၊ သံသရာမှာ လှည့်လည်ရခြင်းကြောင့် ဆင်းရဲအမျိုးမျိုးကို တွေ့ရသည်၊ ထိုသို့ လှည့်လည်ရမှုကြောင့် တိရစ္ဆာန်အကျင့်ကို ကျင့်မိသဖြင့် တိရစ္ဆာန်ဖြစ်ရသည်၊ တိရစ္ဆာန်သည် မေထုန်မှုကို ပြုသည်၊ ပြုခြင်းဖြင့် သား သမီးပေါက်ဖွားသည်။ ပေါက်ဖွားသဖြင့် အမေဖြစ်သူအား မယုယ၊ မလုပ်ကျွေး၊ သားသမီးတို့အား မလုပ်ကျွေး၊ အိမ်ထောင်ပြုသောသူသည်သာလျှင် ကာမ

mgyoe.com

mgyoe.com


မေထုန်မှုကို ပြုအပ်သည်၊ ပြုအပ်သော်လည်း မယားကို ယုယစွာ ထိန်းသိမ်းစောင့်ရှောက်၍ မလုပ်ကျွေး၊ သားသမီး တို့ကို မလုပ်ကျွေးသော် အပြစ်ရှိသည်။ ငါ သူတော်ကောင်းရဟန်း၏ အရေကိုခြုံနေသူဟု ထင်ရှားပါလျက် မေထုန်ပြုမှုကို မဆိုထားနှင့် မေထုန်သဘောနှင့် သက်ဝင်သောကိစ္စကို လိုလားနှစ်သက်မိသော် ရဟန်းမဟုတ်ရာ၊ ကိုင်း... အရည်းတို့ စဉ်းစား..."

အရည်းများကား ကျန်အရည်းများနှင့် ဆွေးနွေးတိုင်ပင်ပါဦးမည်ဟု ပြောဆို၍ ဘုရင့်နန်းတော်မှ ပြန်ကြလေ၏။

အရည်းတို့သည် မိမိတို့၏ အခြွေအရံ အရည်းများကို စည်းဝေး၍ တိုင်ပင်လေရာ ကျောင်းလွှတ်ပူဇော်မှုကို လက်မခံရဆိုသော သဘောကို သဘောမကျနိုင်ဘဲ ရှိကြလေ၏။

ထိုအခါ တောတစ်ခုဌ် တောကျောင်းပြု၍ ဓာတ်ကစားနေသော အရည်းပေါက်ကျော်က ဤသို့ ခပ်မာမာပြောလေ၏။

"အရည်းဂိုဏ်းကြီးသည် ပျက်စီးပြိုကွဲကာ ကစဉ့်ကရဲဖြစ်သည်ကို အဘယ်သူလိုလားသလဲ၊ ပွင့်ပွင့်လင်းလင်း ပြောကြပါ။ အရည်းဂိုဏ်းကြီးရှိနေ၍ များစွာ အနေအစားချောင်နေသည်။ လုည်းမတိုက်ချင်၊ ကူလီမလုပ်ချင်၊ လယ်ယာမလုပ်ချင် စသည်ဖြင့် အလုပ် မလုပ်လိုသောသူများသည် အရည်းဂိုဏ်းကြီးကို မှီခို၍ အရေးအရာ တင့်နေသည် မဟုတ်လား"

"ဘုရင်က မအုပ်ထိန်းလျှင်၊ ဘုရင်က အုပ်ထိန်းမပေးလျှင် အရည်းဂိုဏ်းကြီးသည် ထိန်းမရအောင် ပျက်သွားလိမ့်မည်။ ထိုအခါ အရည်းတို့သည် မင်းမှုထမ်းများ၏ လက်တွင်းသို့ရောက်ကုန်လိမ့်မည်။ အရှင်တို့အား ကျောင်းလွှတ်ပူဇော်မှုကို လက်မခံနှင့်ဟုမဆို၊ သူမသိအောင် တိတ်တိတ်လက်ခံ ဘာဖြစ်သလဲ၊ မထင်ရှားစေနှင့် ကိုယ်မကောင်း

mgyoe.com

mgyoe.com


လျှင် သံသရာဝဲနက်ကို ကိုယ့်ဒဏ်ကိုယ်ခံပေါ့၊ လောကမှာ ကိုယ်အသရေ တင့်ပြီး မြင့်အောင် ပရိယာယ်သဘောနှင့် လိုက်လျောညီပေါ့၊ ဒါဟာ အကောင်းဆုံး နည်းလမ်းပေါ့"

အရည်းတို့သည် ဘုရင်အလိုရှိသောသဘောကို လိုက်လျော နိုင်ပါသည်ဟု တင်ရန် ညီကြလေ၏။

အရည်းတို့သည် ရာထူးလုမှု၊ ရာထူးလိုမှုတို့ကြောင့် မညီညွတ် နိုင်ဘဲ မိမိတို့၏ဂိုဏ်းကြီးကို ဘုရင်သို့အပ်ကြလေသည်။ သို့သော် အရည်းများသည် လိမ္မာရည်ရှိကြဟန်ဖြစ်သည်။ အသို့နည်း၊ မိမိတို့၏ ဂုဏ်ရည်ကို မိမိတို့ဖော်၍ သူ၏ ဩဇာခံသာ မလုပ်လို၊ အချင်းချင်း၏ အပြစ်ကိုကား မဖော်ပြကြချေ။

ထိုသို့သောသဘောကြောင့် ဘုရင်မင်းမြတ်သည် သက်တော် စောင့် အနည်းငယ်နှင့် ရွှေကျောင်းကြီးသို့ ကြွရောက်တော်မူ၍ အရည်း များနှင့်တွေ့ဆုံ၍ အရည်းဂိုဏ်းကြီးကို လက်ခံပြီးသော် ဤသို့ မိန့်တော် မူလေ၏။

"ရွှေကျောင်းကြီးကို ဘယ်သူ့အား အပ်ရမလဲ"

အရည်းများသည် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေကြလေ၏။ ထိုအခါ အရည်းသောမက ဤသို့ဆိုလေ၏။

"ထို့ကြောင့်ပင် ဘုရင်မင်းမြတ်အား လွှဲအပ်ရတာပဲ"

"သည်လိုလေ..."

"မိန့်တော်မူပါ"

"သည်ရွှေကျောင်းကြီးသည် အကျယ်ကြီး၊ သည်ကျောင်းကို ဘယ်သူကမှမပိုင်၊ ဂိုဏ်းကသာ ပိုင်ရမည်"

"သဘောကျပြီ၊ မကျသူ ကန့်ကွက်ကြပါ"

"ကျကြပါသည်"

mgyoe.com

mgyoe.com


"သည်ကျောင်းကြီးမှာ လာရောက်ကာနေလိုသော အရှည်းများ လာရောက်နေခွင့်ကို ဂိုဏ်းက ခွင့်ပြုရမည်၊ သို့သော် ကြမ်းအကွပ် မရှိလျှင် ခင်း၍မဖြစ်နိုင်သောကြောင့် ကျောင်းထိုင်ပုဂ္ဂိုလ်တစ်ဦးလိုပါ သည်။ ထိုကျောင်းထိုင်ပုဂ္ဂိုလ်သည် သည်ကျောင်းမှာနေ၍ ကျောင်း ကိုသာ အုပ်ချုပ်စီမံခွင့်ရှိပြီးလျှင် ဂိုဏ်းနှင့်မဆိုင်၊ ဤသည်မှာ ကျောင်း ထိုင် ပုဂ္ဂိုလ်မရှိသော် ဝန်တစ်ယောက်ထားရလိမ့်မည်၊ ထားသော် မတင့် တယ် မချေင်ရာရောက်မည်"

"ဘုရင်မင်းမြတ်က ရွေးချယ်၍ထားပါ"

"ဤကား မသင့်၊ မဲဆန္ဒနှင့်ရွေးကောက်၍ ကျောင်းထိုင် ပုဂ္ဂိုလ် တစ်ပါး အကြီးအကဲထားပါ၊ ၎င်းသည် ဂိုဏ်းချုပ်မဟုတ်၊ ယခုသည်မှာ ရှိသောအရှည်းများက မည်သူသည် ကျောင်းထိုင်ပုဂ္ဂိုလ်နှင့်တော်သည် ဟု ရွှေဖလားကြီးထဲမှာ ထည့်ပါ၊ မိမိကိုယ်ကိုလည်း မိမိထည့်နိုင်ပါသည်"

ထိုသို့ ဘုရင်မင်းမြတ် မိန့်တော်မူသည်ကို သဘောကျ၍ မည် သည့်ပုဂ္ဂိုလ်အား ဤကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ် ထားသင့်ကြောင်းကို ရွှေဖလားကြီးထဲသို့ အရှည်းပေါင်းတစ်ရာသည် မဲထည့်ကြလေ၏။

ထည့်ကြပြီးနောက် မဲကို ဖွင့်၍ရေတွက်ကြည့်ရာ ဓမ္မသာမိ အရှည်းမှာ ကိုးဆယ့်ကိုးမဲ ရပြီးလျှင် မဲတစ်လိပ်မှာ မည်သူဟုမပါဘဲ ဗလာဖြစ်နေလေတော့၏။

ဘုရင်မင်းမြတ်လည်း ဓမ္မသာမိအား ရွှေကျောင်းကြီးကို လွှဲ၍ နန်းသို့ ပြန်တော်မူလေ၏။

❖

mgyoe.com

mgyoe.com

## အခန်း (၂)

မြတ်စွာဘုရား၏ သာသနာတော် တည်တံ့ခြင်းကား မင်းက အုပ်ချုပ်ခြင်းဖြင့် လည်းကောင်း၊ မင်းက မြှောက်စားခြင်းဖြင့်လည်းကောင်း၊ ဒကာ ဒကာမများက ချီးမြှင့်မြှောက်စား ပူဇော်ခြင်းဖြင့် လည်းကောင်း သာသနာတော် တည်တံ့ခြင်း မဖြစ်နိုင်ပေ။ မြတ်စွာဘုရားပညတ်တော်မူသော ဝိနည်းဒေသနာတည်၍ ထိုဒေသနာကို လိုက်နာကျင့်သုံးခြင်းနှင့် အညီ သာသနာတော်ကောင်း၍ တည်တံ့လေသည်။

အရည်းများ၌ကား မြတ်စွာဘုရား၏ ဝိနည်းမရှိချေ။ မည်ကဲ့သို့ လိုက်နာကျင့်ဆောင်ရမည်ဟူ၍လည်း မသိချေ။

ဝိနည်းတည်မှ သာသနာတော်တည်သည်။ မြတ်စွာဘုရား၏ ဝိနည်းတော်ကို ရိုသေကျိုးနွံစွာ လိုက်နာကျင့်သုံးကြသလောက် သာသနာတော်သည် ကောင်း၍ ထွန်းပြောင်လေသည်။

သုနာပရန္တတိုင်း၌ သာသနာတော် ပျက်စီး၍ အရည်းများ ပေါ်လာရသည်ကား ဝိနည်းမတည်ခြင်းကြောင့်ပင် ဖြစ်ချေသည်။

တစ်နေ့သ၌ သူဌေးကတော်တစ်ယောက်က ပီယဒတ္တမည်သော အရည်းအား မိမိခင်ပွန်း သူဌေးကြီး တောသို့သွားနေခိုက် အတွင်း အလှူကို လှူလိုပါသည် ကြွပါဟု ပင့်သဖြင့် ပီယဒတ္တသည် ညဥ့်အချိန်

mgyoe.com

ထိုသူငှေးကတော်ထံသို့သွား၍ မေထုန်အလျူကို ခံပြီးသော် သန်းလွဲသော အချိန်မှ တစ်ကိုယ်တည်းပြန်လာရာ လမ်းတွင် မြွေကို နင်းမိသောကြောင့် မြွေပေါက်၍ ထိုနေရာတွင်ပင် မထနိုင်ဘဲ သေလေ၏။

ဘုရင်မင်းမြတ်က အရည်းများသည် ကျောင်းလွှတ်ပူဇော်မှုကို မခံပါဘူးဟု ကတိပြုကြောင်းကို ကြေညာသဖြင့် အရည်းများ၏ ကျောင်းသို့ မိန်းမများသည် သူ့ထက်ငါ လာရောက်ကြပြီးသော် ဆွမ်း စသော လှူဖွယ်ဝတ္ထုများကို လှူကြပြီးလျှင် မိမိတို့၏အိမ်သို့လာရောက်ရန်အခါ အခွင့်ကိုကြည့်ကာ ဖိတ်သွားကြခြင်းများကြလေ၏။

ဤနည်းဖြင့် ပီယဒတ္တမည်သော အရည်း ကျောင်းထိုင်ပုဂ္ဂိုလ် သည် လမ်းတွင် မြွေပေါက်ခံရခြင်းကြောင့် သေရလေတော့သည်။ ထိုအခါ ၎င်း၏ကျောင်း၌ ခန်းနေအရည်းနှစ်ပါးသည် ကျန်ခဲ့လေ၏။

ထိုအရည်းနှစ်ပါးသည် မိမိတို့၏ဆရာ ပီယဒတ္တကို ကောင်းစွာ ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြပြီးနောက် ကျောင်းကို သူရထိုက်သည်၊ ငါရထိုက်သည်ဟု လုကြလေ၏။ ထိုခန်းနေ အရည်းနှစ်ပါးမှာလည်း အသက်တူဝါတူ ဖြစ်နေကြလေ၏။

၎င်းတို့သည် လူ့ဘဝက လှေထိုးသားများဖြစ်ကြရာ စလေ ကိုးမှော်ကို တက်အောင် မထိုးနိုင်သဖြင့် လှေသူကြီးက ခြေနှင့်ကန်ချ သောကြောင့် ပြေးလာရသောသူနှစ်ယောက် ဖြစ်ကြလေ၏။ ၎င်းတို့ သည် တမ္ဗဝတီသို့ရောက်သောအခါ နေထိုင်စားသောက်ရရန် အလွန် ခဲယဉ်း၊ အလုပ်အကိုင်လည်း လက်လုပ်လက်စားအဖြစ်နှင့် မလုပ်ကိုင် လိုသောကြောင့် သမထီးအရပ် အရည်းဆရာတစ်ပါးထံတွင် အရည်း ဝတ်နေသူများ ဖြစ်ကြ၏။ အတတ်ပညာသည်ကား ကင်းသကဲ့သို့ ဖြစ်၍ အရည်းဝတ်မှ စာသင်ကြားရ၏။

ထိုအရည်းနှစ်ဦး၏ ကျောင်းလုမှုကို အရည်းဂိုဏ်းကို ဘုရင်

mgyoe.com

mgyoe.com


မင်းမြတ်သို့ လွှဲထားရာ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းထောက် စသည်တို့မရှိသဖြင့် ဆုံးဖြတ်ရန် ခဲယဉ်းနေသောကြောင့် တရားရုံးသို့ရောက်ကြရာ တရားရုံးကလည်း တရားရုံးသည် အရည်းများကို စီရင်ရန်မဟုတ်ဟု လက်မခံကြချေ။ ထို့ကြောင့် ဘုရင့်ထံတော်သို့ အရည်းနှစ်ပါးသည် ကျောင်းရလိုမှုနှင့်ရောက်ကြလေ၏။

အရည်းဂိုဏ်းကြီးကို သိမ်းပိုက်ပြီးနောက် သေည်လည်ပိုက်မင်းကြီးဟု အမည်တွင်သော ဘုရင်မင်းမြတ်သည် ထိုအရည်းနှစ်ပါး၏ကျောင်းလုမှု၌ ခေါင်းကို ကုတ်ရတော့၏။ ထို့ကြောင့် မရီးတော်စောသုမာကိုခေါ်၍ တိုင်ပင်ရာ စောသုမာလည်း ထိုအရည်းနှစ်ပါးကိုမိမိ၏အိမ်တော်သို့ခေါ်ပြီးလျှင် တရားသူကြီးတစ်ပါးကို အနားကထားပြီးသော် ဤသို့စစ်မေးလေ၏။

"အရည်းဆရာရဲ့ နာမည်"

"ဒေဝိန္ဒပါ"

"တစ်ဦးကကော..."

"ဗြဟ္မိန္ဒပါ"

"ဟာ ... အင်မတန်မြင့်တဲ့ နာမည်တွေပါလား။ ဒေဝိန္ဒကအဘယ်သို့သော ငြီးငွေ့ဖွယ်ကိုမြင်လို့ ဘယ်လိုငြီးငွေ့တာကြောင့် အရည်းဘောင်သို့ဝင်သလဲ"

"ငြီးငွေ့ဖွယ်သည် ဘာလဲ၊ ငြီးငွေ့တာဟာ ဘာလဲ"

"အင်း ... ကောင်းစွ ... ကြည်ညိုဖွယ် ရှိလှလေစွ၊ ဒါဖြင့်ဘာကြောင့် အရည်းဘောင်သို့ဝင်သလဲ"

"အလုပ်အကိုင် ဝမ်းစာအတွက် မရှိလို့..."

"ဒါလောက်တောင် အလုပ်အကိုင်ပေါများတဲ့ တမ္ဗဝတီပြည်ကြီးမှာ အလုပ်တွေ အင်မတန်ပေါတယ် မဟုတ်လား"

mgyoe.com

mgyoe.com


"ပင်ပင်ပန်းပန်း မလုပ်လိုလို့ပါ"

"မင်းမှုထမ်းပါလား"

"မရလို့ပါ"

"အရည်းဘ၀မှာ ဘာတရားကို ဆည်းပူးပါသလဲ"

"တရားဆိုတာ ဘာလဲ၊ ဘာကို ဆည်းပူးရပါမလဲ"

"ဒါဖြင့် အရည်းဘ၀မှာ ဘာလုပ်နေသလဲ"

"သူတစ်ပါးလှူတာကို စားသောက်နေပြီး အရည်းခေါင်းဆောင်များက ခေါ်ရင်လိုက်၊ ခိုင်းရင်လုပ်၊ ခိုင်းတာကိုလုပ်နေတာပါပဲ"

"အင်း ... တော်ပါတယ်။ စားပြ၊ အနုကြမ်း၊ သူခိုးလုပ်တာနှင့်စာရင်တော့၊ အရည်းဖြဟ္မိန္ဒကတော ဘယ်လိုသံဝေဂရပြီး ထိတ်လန့်လို့ အရည်းဝတ်သလဲ"

"သံဝေဂဆိုတာ ဘာပါလဲ"

"မတ်ပေ့...ရှုရနှစ်ပါးတွင် ဘယ်ရှုရကိုဆောင်သလဲ"

"ရှုရဆိုတာ ဘာပါလဲ"

"ရတနာသုံးပါးကို သိရဲ့လား"

"သိပါတယ်"

"ဘာလဲ"

"ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားများ..."

စောသုမာကား မျက်နှာရှုံ့လေပြီ။ ဤသို့လည်း ဆက်မေးပြန်၏ ။

"အရှေ့ပြင် သူဌေးကြီးဦးကျော် သေသွားလို့ အမွေစားအမွေခံ မကျန်ခဲ့တာနှင့် ဘဏ္ဍာရေးဝန်ကြီးက ဦးကျော်ရဲ့ပစ္စည်းများကို သိမ်းတော့ ဘုရင့်ရွှေနားတော်ကြား နန်းရင်းဝန်ကြီး ဦးမြတ်သာ အလိုမရှိ၊ ဘဏ္ဍာရေးဝန်ကြီးဦးစိုး အလိုမရှိလို့ ဟစ်တုန်းကပါသလား"

mgyoe.com

mgyoe.com


"ရှေ့ဆုံးက အရည်းအလံကို ကိုင်ပြီးပါလာပါတယ်"

"ကြည်ညိုဖွယ်ကောင်းလှလေစွ။ ကောင်းပြီ...အရည်းနှစ်ပါး မှာ လူ့ဝတ်တုန်းက မိန်းမရှိသလား ရှင်ဒေဝိန္ဒ"

"ရှိပါတယ်"

"သားသမီးကော..."

"သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပါတယ်"

"ဗြဟ္မိန္ဒကကော..."

"လူပျိုပါ"

"ရည်းစားရှိဖူးသလား"

"မရှိဖူးပါ"

"ကျောင်းလွှတ်ပူဇော်မှုကို ခံယူသလား"

"ခံယူပါတယ်"

"ခုကော"

"လယ်သမားတစ်ယောက်ရဲ့ မယားက လှူတာကို လက်ခံရာ လယ်သမားက ဖမ်းပြီး ထောင်းလွှတ်ကတည်းက လက်မခံတော့ပါ"

"ကောင်းပြီ ... အရည်းဆရာအား အသပြာတစ်ထောင်စီ ပေး လိုက်မယ်၊ လူပြုပြီးတော့ ရောင်းဝယ်ဖောက်ကားကာ စားသောက်နေ ကြမလား"

"နေပါ့မယ်"

စောသုမာကား ဤသို့ ဆုံးဖြတ်ပေးလိုက်လေ၏။

"ဤအရည်းနှစ်ပါးသည် လောက၏ မည်သည့် ထိတ်လန့် ဖွယ်ကိုမျှ မဝေဖန်တတ်သောကြောင့်မသိ။ ထို့ကြောင့် ၎င်းတို့၏ အရည်းအဖြစ်သည် အချည်းနှီးနှင့်သာမရပ်ဘဲ အဆိပ်ဖြစ်နိုင်သည်။ သို့သော် အဆိပ်မဖြစ်သေး၍ မီးတိုက်မပစ်ရာ၊ ဆေးဝါးအဖြစ်နှင့် ဖော်

mgyoe.com

mgyoe.com


စပ်ရာသည်။ အဆိပ်ကိုပင် ပညာရှိသည် ဆေးဝါးအဖြစ်နှင့် ဖော်စပ်ကာ သုံးနိုင်လေသည်။ ထိုသဘောကိုထောက်ဆ၍ အရည်းနှစ်ပါး အား တစ်ဦးလျှင် အသပြာတစ်ထောင်စီ ဘုရင့်ဘဏ္ဍာတော်တိုက်မှ ထုတ်ပေး၍ လူပြုစေ"

ထိုဆုံးဖြတ်ချက်ကို တရားသူကြီးလည်း သဘောကျကြောင်း တံဆိပ်ခတ်နှိပ်လေ၏။

* * *

သေည်လည်ပိုက်မင်းကြီးလည်း "အင်း ... အရည်းဂိုဏ်းကြီးကို လက်ခံမိလိုက်လို့ အသပြာနှစ်ထောင် ထွက်လေပြီ"ဟု မိန့်တော်မူလေရာ စောသုမာသည် မတ်တော် မင်းတရားကြီးအား ဤသို့ ဆိုလေ၏။

"မတ်တော် ရေမြေ့ရှင် ... အလုပ်အကိုင်မရှိ၊ အလုပ်အကိုင်ကို ပင်ပင်ပန်းပန်းမလုပ်လို၊ အောက်တန်းစားအလုပ်ကိုလည်း မလုပ်ချင်။ ထိုသူမျိုးသည် သူခိုး၊ အနုကြမ်း၊ လိမ်လည်ကောက်ကျစ် ကျင့်ကြံစားသောက်နေခြင်းထက် အရည်းပြုနေခြင်းက လောကအတွက် အနည်းငယ် သက်သာရာ ရပေသေးသည်။ ထိုသို့သောသူမျိုးအား လူပြုစေ၍ အရင်းအနှီးပေးကာ အိမ်ထောင်သက်မွေးမြူစေရန် လျော်သည့်အတိုင်း ပြုရာ၏။ ထိုသို့ပြု၍မှ အရင်းအနှီးကို ဖြုန်းတီးသုံးစွဲပြုပြီးသော် အိမ်ထောင့်ဝတ္တရားကို မပြုချေသော် ထိုသူတို့ကို ဖမ်းဆီးပြီးလျှင် မျိုးပြုတ်စေရာသည်"

သေည်လည်ပိုက်မင်းကြီးကား "မရိုးတော်ဘုရား ... အရင်းအနှီးပေးရမည်ကား မထောင်းတာ၊ ထိုသူတို့ကို မျိုးပြုတ်စေရမည်ကား ကြောက်လန့်စရာပါတကား"

အရည်းသာသနာကြီးကို ဘုရင်မင်းမြတ်က ၎င်းတို့တစ်ဦးကို တစ်ဦး ငြူစူကြခြင်းကြောင့် သိမ်းပိုက်လိုက်ရရာတွင် ဘုရင်မင်းမြတ်

mgyoe.com

mgyoe.com


သည် ၎င်းတို့ပေးထားသော ကတိမှအပ အရည်းများအား တစ်စုံတစ်ရာမျှ မစွက်ဖက် မနှောင့်ယှက်ဘဲ တည့်တည့်နှင့်မှန်မှန် ကျင့်သုံးနေထိုင်လေ၏။ မြစ်အနောက်ဘက်ရှိ သုနာပရန္တတိုင်းဟု ရှေးကခေါ်လာခဲ့သော အရပ်တို့၌ အရည်းတို့ကလည်း မြစ်မကြီးအရှေ့ဘက်ရှိ အရည်းတို့သည် ကျောင်းလွှတ်ပူဇော်မှုကို မယူဘဲ စွန့်လွှတ်လိုက်ကြပြီဟု ကြားကြရသဖြင့် သေည်လည်ပိုက်ဘုရင်ကို အထူးပြုကာ လေးမြတ်လာကြလေ၏။ ထို့ကြောင့် သေည်လည်ပိုက်ဘုရင်၏ သြဇာတော်သည် နိုင်ငံတော်၌ အတော်ပင် ကြီးမားလာလေသည်။

တမ္ဗဝတီ၊ သမထီး အစရှိသော အရပ်တို့၌ အရည်းတို့မှာလည်း ဘုရင်မင်းမြတ်၏ နှောင့်ယှက်ခြင်း၊ စွက်ဖက်ခြင်းမှကင်းရှင်းသဖြင့် မိမိတို့၏ကျောင်း၌ မိမိသဘောရှိ နေနိုင်လေရကား သူတလူ ငါတစ်မင်းဖြစ်နေကြ၍ များစွာနှစ်ထောင်းအားရခြင်း ရှိနေကြကုန်၏။

အရည်းတို့သည် ထိုသို့အခွင့်အရေး ရှိနေကြသော်လည်း ကျောင်းလွှတ်ပူဇော်ခြင်းကို မခံနိုင်ကြသဖြင့် မိမိတို့နှင့် ကျွမ်းရာ မိမိတို့သြဇာ ရှုးရှုရာအိမ်များတို့သို့ ညဥ့်အချိန်သွားရောက်ကြလျက် အချို့အရည်းဆရာများမှာ ညဥ့်အချိန်ကုန်မှ မိမိတို့သွားရောက်လည်ပတ်သောအိမ်က ပြန်လာကြခြင်း များကြလေ၏။

ထိုသို့သောသဘောသည် ဖြစ်နေရာကြောင့် အရည်းဆရာများသည် တစ်ဦးပြီး တစ်ဦး ပျောက်၍သွားသည်မှာ အရည်းတစ်ကျိပ်ခန့်မျှပင် ရှိလာလေ၏။ ၎င်းကို ဒကာများက မေးမြန်းစုံစမ်းကြသောအခါ အရည်းများသည် ထွက်ရပ်လမ်းပေါက်၍ ထွက်သွားကြသည်ဟု လှည့်စားကာ ပြောဆိုနေကြလေ၏။

ထို့ကြောင့် အရည်းများသာသနာသည် သေည်လည်ပိုက်မင်းလက်ထက်၌ တည်မြဲခိုင်ခံ့နေသည်ဟု မဆိုသာချေ။ ထိုကဲ့သို့ဖြစ်သော်

mgyoe.com

mgyoe.com

လည်း ဗုဒ္ဓဘာသာ တရားမှန်၊ အကျင့်မှန်သည် ထွန်းတောက်လေ သလောဟုဆိုသော် ဝိနည်းဒေသနာကား မရှိခြင်းကြောင့်လည်းကောင်း၊ မှန်ကန်သည်ဟု ယူဆရသော ဗုဒ္ဓဘာသာ စာပေကျမ်းဂန်မရှိခြင်းကြောင့် လည်းကောင်း မှန်ကန်သည်ဟုဆိုသော ဗုဒ္ဓဘာသာသည်လည်း မထွန်း တောက်ချေ။

ထိုသို့လျှင် အရည်းများ၏ သာသနာကို ထိခိုက်လာမှန်းမသိ ထိခိုက်လာရာ၌ အချို့သည် မကျေနပ်ကြချေ။ အချို့ကား ကိုယ့်မင်း ကိုယ့်ချင်းနှင့် နေရ၍ အများက သဘောမတူဘဲ ဂိုဏ်း၌ အရေးကိစ္စ ကြီးဟူသမျှကို မဆောင်ရွက်ရခြင်းကြောင့် ကောင်းစွာ ကျေနပ်နှစ်သိမ့် နေလေ၏။

ထိုသို့သော အခိုက်အတန့်၌ တောင်နိဂုံးမှ သူကြွယ့်သမီး စောရီနှင့် တောင်နိဂုံးမှပင် သင်္ဘောကုန်သည်ကြီးသား မောင်မှန်တို့သည် လူငယ်တို့၏ဘာဝ တစ်ဦးနှင့်တစ်ဦးကို အချစ်ကမ်းကာ ရှိနေကြလေ ၏။

တစ်နေ့သော် နေ့အချိန်၌ပင် မောင်မှန်နှင့်စောရီတို့သည် အပျို လူပျိုသဘာဝ ဤသို့ပြောဆိုနေကြလေ၏။

"မစောရီရယ် ... ယခုတစ်ပတ် သင်္ဘောသွားပြီး အပြန်တွင် တောင်းပါရစေ၊ သဘောတူပါ"

"သဘောတူပေ့ ခက်တယ်ကိုမှန် ... ကျွန်မ သည်အကြောင်းကို စဉ်းစားမိတိုင်း အလွန် စိတ်မချမ်းသာပါ"

"ဘာကြောင့်တုံးဗျာ"

"ကျွန်မရဲ့ မိဘများဟာ အရည်းများ၏ဝါဒနှင့် အရည်းများ ဟောပြောတဲ့တရားကို အလွန် နှစ်သက်သဘောကျကြပါတယ်။ ကိုမှန်ရဲ့ မိဘများက သာပြီး အရည်းများရဲ့ဝါဒကို နှစ်သက်နေပါတယ်"

mgyoe.com

mgyoe.com


"ဒါ ဘာဖြစ်သလဲ မစောရီရဲ့ … မိဘများမှာလည်း အရည်းရဲ့ တန်ခိုးကြောင့်၊ ကျွန်တော့်မိဘများမှာလည်း အရည်းရဲ့ တန်ခိုးကြောင့် ချမ်းသာကြွယ်ဝနေတာပဲ"

"ဟုတ်တော့ ဟုတ်တယ်ပဲထားပါ၊ ဒါပေမဲ့…"

"ပြောပါ"

"ခုဘုရင်မင်းမြတ်က အရည်းသာသနာတော်ကြီးကို သိမ်းပိုက်ထားတော့ ကျောင်းလွှတ်ပူဇော်ခြင်းကိုတော့ မပြုရဘူး။ ပန်းဦးလွှတ်ပူဇော်ခြင်းကိုတော့ ပြုရလို့ ကိုးကွယ်တဲ့ဆရာ အရည်းများဟာ ညအချိန်အိမ်ကို တိတ်တဆိတ် လူမသိအောင် လာပြီးအလှူခံကြပါတယ်"

"အင်း … အရည်းများဟာ သိပ်ယုတ်တာပဲ"

"ယုတ်တာကတော့ ပြောစရာမရှိဘူး၊ ကျွန်မကို အပျိုဖော်ဝင်ကတည်းက အရည်းဓမ္မဇေထံမှာ ပန်းဦးလွှတ် ပူဇော်စေလိုတယ်။ ကျွန်မက သဘောမတူဘဲ ငြင်းဆန်လာလို့ ကျွန်မလွတ်လာခဲ့ပါတယ်"

"အင်း"

"အင်း … ယခု ရှင်နှင့်ကျွန်မကို ထိမ်းမြားလက်ထပ်ဖို့ရန် အမေ့အားပြောပြတော့ ညည်း သုံးညတော့ ဆရာတော်ဘုရားထံမှာ ပန်းဦးလွှတ်ရမယ်။ ရှင့်အမေကလည်း သည်လိုမှ မြင့်မြတ်တဲ့ မိန်းမပီသပြီး သားကောင်း၊ သမီးကောင်းများကို မွေးဖွားရမယ်။ သို့မဟုတ်က မင်းမှုထမ်း အစုတ်ဗရုတ်များလို သုညာကာယတွေ မွေးဖွားလာရပြီး သုညာကာယလူမျိုးကို ဖန်တီးရာရောက်မတဲ့။ ကျွန်မကို အတန်တန်နားချနေပါတယ်"

"အင်း"

"ကျွန်မကလည်း ဒါကို သဘောမတူနိုင်ပါ၊ အင်မတန် စက်ဆုပ်ပါတယ်။ ဒီလိုပန်းဦးလွှတ်ကာ မပူဇော်ရဘဲနှင့် ထိမ်းမြားလက်ထပ်

mgyoe.com

mgyoe.com

ခြင်းကို မပြုနိုင်။ ကိုယ့်ဘာသာတရားကို ကိုယ်ဖျက်ဆီးရာရောက်မယ် တဲ့"

"ခက်တယ်ဗျာ"

ထို့နောက် စောရီနှင့်မောင်မှန်သည် တီးတိုးတိုင်ပင်ကြပြီး နောက် မောင်မှန်သည် ပြန်သွားလေ၏။

စောရီသည်လည်း မောင်မှန်နှင့် ထိမ်းမြားလက်ထပ်ရရန်ကို သာ စိတ်စွဲလမ်းနေသဖြင့် များမကြာမီ စောရီသည် သူ့အမေအား ဤသို့ ပြောလေ၏။

"အမေ ... အမေတို့ရဲ့ အယူဝါဒလည်း မပျက်ရအောင် အမေ တို့ကိုးကွယ်တဲ့ အရည်းဆရာတော် ဓမ္မဓဇမှာ ပန်းဦးလွှတ်ပါ့မယ်။ ဒါပေမဲ့ အမေရယ် သုံးညတော့ ကျွန်မ မပူဇော်နိုင်ပါ၊ တစ်ညသာ ပူဇော်ပါရစေ"

"အေး ... ကောင်းပြီ၊ တစ်ညပဲ ညည်းပူဇော်တော့"

"ဟုတ်ကဲ့ ... ပူဇော်ပါ့မယ်"

"ဘယ်နေ့ ပူဇော်မလဲ"

"သန်ဘက်ခါညမှာ ပူဇော်ပါ့မယ်"

* * *

အရည်းဆရာတော် ဓမ္မဓဇသည်လည်း စောရီ၏မိဘများက အလှူခံပင့်သောကြောင့် အလွန်သဘောကျ၍ ပင့်သောနေ့၏ ညသူငယ် အိပ်စက်ချိန်၌ စောရီတို့၏အိမ်သို့သွားရောက်လေ၏။

ဓမ္မဓဇသည် စောရီထံရောက်လတ်သော် စောရီ၏ အခိုင်းအစေ တို့သည် ဓမ္မဓဇကို ကောင်းစွာညွှေ့ခံကြ၍ ခဏကြာသော် စောရီ၏ အခန်းထဲသို့ ဓမ္မဓဇကို ပို့လိုက်ပြီးသော် အပြင်မှတံခါးကို ခိုင်လုံစွာ

mgyoe.com

mgyoe.com

စေ့ထားလိုက်ကြလေ၏။

စောရီသည်လည်း ဓမ္မဇေကို ခဏမော်ကြည့်ပြီးနောက် မိမိ၏ အခန်းနောက်ဖေးပေါက်မှ ရုပ်ဖျောက်ထွက်သွားကာ တံခါးကို အပြင်မှ ဖွင့်မရအောင် ချည်နှောင်ထားခဲ့လေ၏။ ဓမ္မဇေသည်လည်း စောရီ သည် ပြန်၍လာလတ္တံ့ဟု မျှော်နေ၏။ သို့သော် စောရီသည် မလာဘဲ ပျောက်သွားသကဲ့သို့ ဖြစ်နေတော့၏။ ထိုသို့နှင့် စောင့်ဆိုင်းနေရင်း သက်ကြီးခေါင်းချအချိန်သို့ရောက်၍ အချို့ကြက်ကြီးများသည် တွန် ကြလေ၏။

စောရီ၏ အမှုလုပ်များလည်း အပြင်မှ စောရီ့အခန်းတံခါးကို ဖွင့်ထားလိုက်ပြီးသော် အိပ်ပျော်ကျွန်ပြုနေကြလေ၏။ အရည်းဆရာ တော် ဓမ္မဇေသည် စောရီမပေါ်လာသဖြင့် အကြံသည် မဟန်တော့ဘဲ စောရီ့အခန်းထဲမှ ထွက်လာခဲ့ရာ တစ်အိမ်လုံးလည်း အိပ်ကြ၍ ရှူးရှူးသံ နှင့် ဟောက်သံများကိုသာ ကြားရလေတော့၏။

သို့နှင့်ပင် အရည်းဆရာတော် ဓမ္မဇေသည် မှိန်မှိန်လင်းထား သော အလင်းရောင်အားဖြင့် စောရီတို့၏ အိမ်ထက်မှဆင်းပြီးသော် တစ်ကိုယ်တည်း သင်္ကန်းကို ခေါင်းတွင်ခြုံပြီးလျှင် ပြန်လာခဲ့ရလေ၏။

ဓမ္မဇေလည်း နက်ဖြန်တော့ သိရစေမည်။ ငါ့ကို သက်သက်မဲ့ အရှက်ခွဲသည်၊ သင်းတို့ကို ကြဉ်မည်ဟု ဒေါသကို ရှေ့ထား၍ စဉ်းစား ကာလာနေစဉ် လူသုံးယောက်သည် ခေါင်းကို အဝတ်ထူထူနှင့်အုပ်ကာ ဖမ်းပြီးသော် အရည်းဓမ္မဇေကို ခေါ်သွားလေ၏။

အရည်းဓမ္မဇသည် မည်သို့မျှ ခုခံခြင်းငှာ မတတ်နိုင်ဘဲ ထိုလူများ ဖမ်းခေါ်သွားရာသို့ လိုက်ပါသွားရလေ၏။ အရည်းဓမ္မဇသည် တစ်နေရာ လုံခြုံသောအခန်းတစ်ခု၏ အတွင်း၌ရောက်နေသည်ကို မသိချေ။ အချိန်မှာလည်း အတော်ပင်ညဉ့်နက်လာလေပြီ။ သို့သော်

mgyoe.com

mgyoe.com

အရည်းဓမ္မဇသည် ၎င်းရောက်နေရာအခန်းမှ ရေသံကိုကြားရသဖြင့် မိမိသည် ရေပေါ်သို့ရောက်နေရပြီဟု ထင်နေ၏။

အရည်းဓမ္မဇသည် ကြာသော် ထိုအခန်းထဲ၌ပင် အပေါ့သွားပြီးနောက် အိပ်ပျော်သွားလေ၏။ ၎င်းသည် မိုးစင်စင်လင်းသောအခါ အိပ်ရာမှနိုး၍ ဟိုဟိုသည်သည် ကြည့်မိသောအခါ သင်္ဘောပေါ်၌ ပါလာရကြောင်းကို သိရလေတော့ပြီ။

စောရီသည်ကား မျက်နှာပိုးသတ်၍ စိတ်မကြည်ဟန်ပြုပြီးသော် လုပ်ကိုင်ဆောင်ရွက်စရာတို့ကို အခြေမပျက်ဘဲ လုပ်ကိုင်ဆောင်ရွက်ကာ နေလေတော့၏။

နေ့လယ်ချိန်သော် စောရီ့အမေသည် စောရီအား ဤသို့ပြောလေ၏။

"ဟဲ့ ... စောရီရယ် တို့ဆရာတော် ဓမ္မဇ ကျောင်းမှာမရှိဘူးတဲ့"

"အမေ့ အရည်းသူယုတ်မာကို ကျွန်မ ဘာသိမလဲ"

"ဟဲ့ ... ညည်း ဘယ့်နှယ်ပြောသလဲ"

"သူယုတ်မာဟာ သူယုတ်မာပေါ့"

"ညည်းနှယ်အေ ... ညည်း ငရဲကြီးမယ်"

"ကြီးစမ်းပါစေ၊ ခါးစည်းပြီး ငရဲခံမယ်။ ကတဲ လူကို အားမရနိုင်တိုင်း နင်းခြေတာပဲ ဖွတ်ဖွတ်ကြေလို့။ ပြီးတော့လည်း မတော်တရော် ဟိုမွေး သည်မွေး လျှာနှင့်လျက်လိုလျက်..."

"ညည်းနှယ်အေ ... ညည်း တွေ့ကရာပြောတာပဲ"

"အမေတို့ ကိုးကွယ်တဲ့အရည်းရဲ့ အကျင့်ယုတ်တို့ ပြောတာပါ၊ ကျွန်မ မသထာဘဲနှင့် သူ့ထံမှာ ပန်းဦးလွှတ်ကာ ပူဇော်ပြီးပြီ။ ကျွန်မ ကိုကိုမှန်နှင့် ထိမ်းမြားလက်ထပ်ပေးပါတော့"

"နေပါဦးဟဲ့ ... အရည်းဓမ္မဇ ပျောက်နေလို့..."

mgyoe.com

mgyoe.com

"မဆိုင်ပါဘူး အမေရယ်၊ နွားသိုးပျောက်တာကိုသာ ရှာလို့ရမှာပေါ့။ အရည်းပျောက်သွားတာကို ဘယ်မှာရှာမလဲ။ သူ မိန်းမချောချောလှလှနှင့်တွေ့ရင် လိုက်သွားမှာပေါ့"

* * *

ဓမ္မဓဇ၏ တပည့်အရည်းများသည် ဓမ္မသာမိထံ သွားရောက်ကြ၍ ၎င်းတို့၏ဆရာတော် ဓမ္မဓဇသည် ပျောက်သွားကြောင်းကို လျှောက်ထားကြလေ၏။ ဓမ္မသာမိလည်း အလွန်အံ့အားသင့်လျက် ငါ့ရှင်တို့ ငါနှင့်ဓမ္မဓဇသည် မနေ့ကညနေမှာပင် နဂါးပူဇော်ပွဲကို ပြုလုပ်ရန် တိုင်ပင်နေသေးတယ်။ ခက်တယ်၊ သည်လိုနှင့် အရည်းများပျောက်ပျောက်သွားတာလည်း များနေပြီ။ ငါလည်း ဘုရင်မင်းမြတ်ထံဝင်ပြီး အကြောင်းကိုပြောရမှာပဲ။ ငါ့ရှင်တို့အား ငါ ဩဝါဒတစ်ခု ပေးချင်တယ်။ ငါ့ရှင်တို့ နားစွဲလျှင် တော်လိမ့်မယ်ထင်တယ်"ဟု ဆိုလေ၏။

ဓမ္မဓဇ၏တပည့် အရည်းငယ်များလည်း "တင်ပါ့ ... ဩဝါဒပေးပါ"ဟု တောင်းပန်ကြလေ၏။

"ငါ့ရှင်တို့ မေထုန်မှုကို အလျှူမခံကြနှင့်၊ ဘယ်လိုပင် ဒကာ၊ ဒကာမများက လှူပေမယ့် အလှူမခံကြနှင့်..."

"တင်ပါ့"

"ကြည့်ကွယ့် ... ခွေးနှစ်ကောင် အသေအလဲ သဲသဲမဲမဲကိုက်တာဟာ သည်မေထုန်မှုပဲ၊ ကျွဲနှစ်ကောင်ခတ်တာလည်း ဒါပဲ။ အဲသည်တော့ ဒါကို ကြိုက်သူလည်းရှိ၊ မကြိုက်သူလည်းရှိ များသောအားဖြင့် ပုထုဇဉ်သားဆိုတာဟာ ကိုယ်ချစ်တဲ့မိန်းမကို သူတစ်ပါးက စေ့စေ့စပ်စပ် ကြည့်တာကိုတောင် မနာလိုဘူး၊ သဝန်တိုတယ်။ အဲသည်တော့ ရဟန်း များမှာဆားကြီးတစ်ခု၊ သည်တော့ တို့အရည်းများမှာလည်း ဆားကြီးတစ်ခုပဲ"

mgyoe.com

mgyoe.com


"တင်ပါ့"

"ခုပျောက်ပျောက်သွားတဲ့ အရည်းများကို လျော်အောင်သာ ဒကာ၊ ဒကာမများအား ပြောထားရတယ်၊ စင်စစ်တော့ မေထုန်အတွက် ကျောင်းမှာ လာ၍မပူဇော်ရတော့ အိမ်တိုင်ရာရောက်သွားပြီး အလှူခံကြတယ်၊ သည်လိုအရည်းတွေဟာ ပျောက်တာပဲ၊ ငါ့ရှင်တို့ သတိထားကြ"

"တင်ပါ့"

"ငါလည်း တစ်နေ့မှာ ဘုရင်မင်းမြတ်ထံဝင်ပြီး အကြောင်းကို တိုင်ပင်ရဦးမယ်"

စောရီနှင့် မောင်မှန်ကိုလည်း ၎င်းတို့၏မိဘများသည် ပူပူနွေးနွေးပင် လက်ထပ်ပေးကြရလေ၏။ (မေထုန်မှုနှင့်ပတ်သက်က မထိန်းသိမ်း မချုပ်တည်းလျှင် သူ့ခေတ်နှင့်ခေတ် အရှုပ်မသေးချေ)

အရည်း ဓမ္မသာမိသည် မကြာမီပင် ဘုရင်မင်းမြတ် သေည်လည်ပိုက်ထံ ဝင်၍ ဤသို့ ပြောဆိုနေကြလေ၏။

"အရည်းဆရာ ဘာများအကြောင်းထူးသလဲ"

"ဒကာတော် အကြောင်းထူးကတော့ ထိတ်စရာ၊ လန့်စရာ ဖြစ်နေကုန်ပြီ"

"အမိန့်ရှိပါ"

"အရည်းကျောင်းထိုင်များဟာ ခဏခဏ ပျောက်ပျောက်သွားပါတယ်"

"ဒါကို ဘယ့်နှယ်လုပ်ရမလဲ"

"စောင့်ရှောက်ပေးတော်မူပါ"

"ဟာ ... ဆရာတော့်နှယ် အရည်းများကို ကျွဲလို၊ နွားလို ချည်ထားလို့မှ ရတာမဟုတ်ဘဲ၊ သူတို့သွားချင်တာသွား၊ လာချင်တာ လာနေတာပဲ၊ သူတို့ရဲ့ သဘောအတိုင်း သွားလာနေကြမှာပေါ့"

mgyoe.com